ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၄ ရက်၊ တနင်္ဂနွေနေ့၊ (29-3-2009) (၅၉၉၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation မှ President အား လက်ခံတွေ့ဆုံ

နေပြည်တော်   မတ်   ၂၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation မှ President Mr. Jiang Jie Min နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် အတွင်းရေးမှူး(၁)နှင့်အတူ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation မှ President Mr. Jiang Jie Min နှင့်အတူ Vice President Mr. Liao Yong Yuan, Deputy Chief Economist Mr. Wang Li Hua, Director General Int'l Dept, CNPC & Foreign Affairs Office, Petrochina မှ Mr. Zhang Xin နှင့် General Secretary China Petroleum & Petrochemical Engineering Institute, Petrochina မှ Mr. Zhang Jialin တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation မှ President Mr. Jiang Jie Min နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ဂေဟစနစ်ထိန်းသိမ်းရေး အင်တာနက်သတင်း

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များ အင်တာနက်မှတစ်ဆင့် ရယူစုဆောင်းနိုင်

ဘာသာပြန် - အောင်သုတ

အော်စလို   မတ်   ၂၈

နောက်ဆုံးပေါ် လူထုဆက်သွယ်ရေး ကိရိယာဖြစ်သော အင်တာနက်သည် ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ကို လေ့လာစောင့်ကြည့်ရာ၌ အဖိုးမဖြတ်နိုင်သည့် သတင်းအချက်အလက်များကို ထောက်ပံ့ပေးကြောင်း နိုင်ငံတကာ လေ့လာချက်တစ်ရပ်ကို ကိုးကားလျက် အင်တာနက်သတင်းတစ်ပုဒ်တွင် ဖော်ပြသည်။

အင်တာနက်ရှိ ဘလော့ဂ်များ၊ ဗီဒီယိုမှတ်တမ်းများ၊ အွန်လိုင်းသတင်းများ စသည်တို့မှ သတင်းအချက်အလက်များစွာ ရယူနိုင်ပြီး ကမ္ဘာကြီးပူနွေးလာမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ သစ်တောပြုန်းတီးမှုနှင့် အလွန်အကျွံ ငါးဖမ်းဆီးမှု စသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် ပတ်သက်၍ ပိုင်းခြားစိတ်ဖြာ သုံးသပ်ရာ၌ ယင်းသတင်းအချက်အလက်များကို အသုံးပြုနိုင်ကြောင်း ဆွီဒင်၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့မှ သိပ္ပံပညာရှင်များက ပူးတွဲထုတ်ပြန်သော လေ့လာချက်စစ်တမ်း၌ ဖော်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

နေပြည်တော် ရေပန်းဥယျာဉ် (တိုးချဲ့)

မတ် ၂၇ရက်က ဖွင့်လှစ်လိုက်သော နေပြည်တော် ရေပန်းဥယျာဉ် (တိုးချဲ့) အတွင်းရှိ ကလေးကစားကွင်းကို တွေ့ရစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror
၂၉-၃-၂၀၀၉
(တနင်္ဂနွေနေ့)

အင်အားတောင့်တင်း စွမ်းရည်ထက်မြက်သည့်တပ်မတော်တည်ဆောက်

ပြည်သူ့အကျိုးစီးပွား ဆက်လက်ဖော်ဆောင်ကြိုးပမ်း

မျိုးချစ်တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ တော်လှန်ရေးကြီးတစ်ရပ်ကိုဆင်နွှဲခဲ့သည်။နိုင်ငံတော်၏ လွတ်လပ်ရေးကို ပြန်လည်ရယူပေးနိုင်ခဲ့ပြီး ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်လာခဲ့သည်မှာ (၆၄)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို မတ်လ ၂၇ရက်နေ့က နေပြည်တော်ရှိစစ်ရေးပြကွင်းကြီး၌ကျင်းပရာနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မိန့်ခွန်းမြွက်ကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းမြွက်ကြားရာတွင် **“ဒို့တပ်မတော်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်သာမက ပြည်သူ့အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ပြီးဝိုင်းဝန်းကူညီဆောင်ရွက်ကြရမယ်။ တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်အောင် တည်ဆောက်ကြရမယ်။ တပ်မတော်က နိုင်ငံတော်တာဝန်ကို မလွှဲသာမရှောင်သာ ယူလိုက်ရပြီးနောက် အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ လက်တွဲထူထောင်ထားတဲ့ နိုင်ငံတော် တည်ဆောက်မှုလုပ်ငန်းတွေကနေ ပြည်သူ့အကျိုးစီးပွားကို ဆက်လက်ဖော်ဆောင်ကြရမယ်”** ဟူ၍ တိုက်တွန်းမှာကြားခဲ့သည်။

တပ်မတော်သည် နိုင်ငံတော်တွင် ဒို့တာဝန်အရေးသုံးပါးကို ထိပါးသည့် အန္တရာယ်များ ပေါ်ပေါက်လာတိုင်း ပြည်သူလူထုရှေ့က မားမားမတ်မတ်ရပ်တည်ပြီး ကာကွယ်စောင့်ရှောက်ခဲ့စမြဲဖြစ်သည်။ မျက်မှောက်အချိန်အခါတွင်လည်း တပ်မတော်က အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ရည်မှန်းတည်ဆောက်နေသည်။ ပြည်သူများ လိုလားသည့် ဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ်တို့နှင့်ကိုက်ညီသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုပေးနိုင်ခဲ့ပြီဖြစ်သည်။

ပြည်သူတို့ တစ်ခဲနက်အတည်ပြုပေးခဲ့သည့်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ၂၀၁၀ ပြည့်နှစ်တွင် လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကို စနစ်တကျ ကျင်းပနိုင်တော့မည်ဖြစ်သည်။ စနစ်သစ်တစ်ခုကို ကူးပြောင်းသည့်ကာလတွင် ယုံကြည်ချက်အဖုံဖုံ၊ ပေါင်းစည်းမှုအထွေထွေနှင့် ပါတီမျိုးစုံပေါ်ပေါက်လာကြဦးမည်ဖြစ်ရာ ဆင်ခြင်တုံတရားရှိရှိဖြင့် အေးချမ်းတည်ငြိမ်စွာ ဝိုင်းဝန်းတည်ဆောက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ သမိုင်းအစဉ်အလာကြီးမားသောတပ်မတော်သည် နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အကြွင်းမဲ့ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်ကိုတည်ဆောက်ရင်း တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးနှင့် အကျိုးစီးပွားကို ဆက်လက်စောင့်ရှောက် ဖော်ဆောင်သယ်ပိုးသွားနိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ရထားလမ်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၈

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် မတ် ၁၇ ရက် ညနေပိုင်းတွင် စစ်တွေမြို့ ဝေသာလီ အားကစားခန်းမအနီး တည်ဆောက်လျက်ရှိသော စစ်တွေ-အမ်း-မင်းဘူးရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် မတ် ၁၉ ရက် နံနက် ၆ နာရီခွဲတွင် မြောက်ဦးမြို့ မြို့မစည်ပင်သာယာဈေးကြီးအနီး အလယ်ဈေးရပ်ကွက်နှင့် တောင်ရပ် ရပ်ကွက်တို့ကို ဆက်သွယ်ပေးထားသော မြို့မဈေးအနီးရှိ ပန်းစီးမြောင်း ချောင်းကူးတံတား အကျယ်ချဲ့ခြင်းလုပ်ငန်းနှင့် ဦးဥတ္တမလမ်းနှင့် မင်းဗာကြီးလမ်းများ သန့်ရှင်းလှပကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မတ် ၂၃ရက်တွင် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၉ခုနှစ်ပဉ္စမအကြိမ် စွန်ဖြတ်ပြိုင်ပွဲနှင့် စွန်အလှပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ အား/ကာသိပ္ပံကျိုက္ကဆံကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အဖွင့်အမှာစကားပြောကြားစဉ်။
(မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်)

အထက(၁)လှိုင် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၈

အထက(၁)လှိုင်၌ ၁၉၈၆ ခုနှစ်မှ ၁၉၉၄ ခုနှစ်ထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယ ပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို မေ၁ရက် (သောကြာနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ အဆိုပါကျောင်း ဘုရင့်နောင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

၁၉၈၆ ခုနှစ်မှ ၁၉၉၄ ခုနှစ်ထိ အထက(၁)လှိုင်၌ ပညာသင်ကြားပေးခဲ့ကြသော ဆရာ၊ ဆရာမများနှင့် တက်ရောက်ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့သို့ ဆက်သွယ်အကြောင်းကြားပါရန်နှင့် ကိုစိန်လွင် ဖုန်း-၀၉၅၁၁၁၅၂၀၊ ကိုဝင်းအောင်သန်း ဖုန်း-၀၉၅၀၆၈၁၆၂၊ ကိုအောင်ကျော်မိုး ဖုန်း-၅၀၁၄၆၆ (လိုင်းခွဲ)၂၇၅၊ မကျင်ငွေ ဖုန်း-၅၁၆၁၂၀၊ မအေးယုဆွေ ဖုန်း-၀၉၅၁၄၈၃၇၃၊ မနွယ်နွယ်ဦး ဖုန်း-၇၂၇၃၃၇၊ ကိုမြင့်မိုရ်သျှမ်း ဖုန်း-၀၉၅၁၅၂၇၀၇၊ ကိုကျော်သီဟ ဖုန်း-၀၉၅၁၀၁၂၀၆၊ မမျိုးသီတာ ဖုန်း-၅၃၄၉၄၃၊မခင်နှင်းရီ ဖုန်း-၅၁၂၀၀၉ နှင့် ကိုအောင်နိုင်ထွန်း ဖုန်း-၀၉၅၁၉၂၆၃၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြော၊ သရုပ်ပြပွဲကျင်းပ

ရန်ကုန် မတ် ၂၈

မွန်ပြည်နယ် မော်လမြိုင်မြို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းအောက်ရှိ စက်သုံးဆီ အရောင်းဆိုင်များ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံချက်အရ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးဆွေးနွေးဟောပြော၊ ဇာတ်တိုက်သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က မော်လမြိုင် မြို့ မန္တလေးရပ်ကွက်ရှိ စက်သုံးဆီ အရောင်းဆိုင်အမှတ်(၀၈၆၀)၊ စစ်ကဲကုန်းရပ်ကွက်ရှိစက်သုံးဆီအရောင်းဆိုင်အမှတ်(၀၈၀၂)နှင့် ကွင်းရပ် ရပ်ကွက်ရှိ စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၈၆၁) တို့၌ ကျင်းပသည်။

ဟောပြောပွဲတွင် မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်အောင်ဝင်းစိန်၊ တိုင်းမြန်မာ့ရေနံရောင်းဝယ်ရေး အရာရှိ ဦးစိန်မြင့်နှင့် မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးကျော်ကျော်တို့က မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးဆိုင်ရာများကို ပညာပေးဟောပြောကြပြီး သက်ဆိုင်ရာ ဝန်ထမ်းများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ် ဇာတ်တိုက် သရုပ်ပြသကြကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ကြိုးမဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့ ရုံးဦးစီးမှူးဒုတိယရဲမှူးမြင့်အောင်နှင့်အဖွဲ့ မတ် ၂၃ရက်က တာမွေမြို့နယ်လေးထောင့်ကန်လမ်းမရှိ ရန်ကုန်တိုင်း မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကော်မတီရုံး၌ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောစဉ်။ (ကြေးမုံ)

လယ်ယာသန်းခေါင်စာရင်းကောက်ယူ

ရန်ကုန် မတ် ၂၈

ညောင်တုန်းမြို့နယ်အတွင်း ၂၀၁၀ ပြည့်နှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို ညောင်တုန်းမြို့နယ် မြေစာရင်းဌာန ဦးစီးအရာရှိ ဦးမိုးကျော်လွင်ဦးစီးသော ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၆ ရက်မှ စတင် ကွင်းဆင်းစာရင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

ထိုသို့ မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူရာတွင် ညောင်တုန်းမြို့နယ် တစ်မြို့နယ်လုံး၌ စာရင်းကောက်ယူရမည့် ရပ်ကွက်၊ ကျေးရွာပေါင်း ၃၄၆ ရွာရှိသည့်အနက် မတ် ၁၅ရက်အထိ ကျေးရွာ ရပ်ကွက်ပေါင်း ၃၁၅ရွာတို့၌ လယ်ယာသန်းခေါင်စာရင်းများ ကောက်ယူပြီးဖြစ်ရာ တစ်မြို့နယ်လုံး စာရင်းကောက်ယူမှု လုပ်ငန်းအားလုံး၏ ၉၁ ရာခိုင်နှုန်း ကောက်ယူပြီးဖြစ်ကြောင်း သိရှိရသည်။ (၁၆၁)

မတ် ၂၃ ရက်က မလေးရှားနိုင်ငံ အခြေစိုက်အဆင့်မြင့်နည်းပညာဖြင့် ရော်ဘာအထွက်တိုး ဝန်ဆောင်မှုလုပ်ငန်း ကုမ္ပဏီ၏ ဌာနေကိုယ်စားလှယ်ဦးကျော်နိုင်(လူမှုထူးချွန် တတိယဆင့်) က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ သကြ်န်ဝတ်စုံနှင့် ဦးထုပ်များ ပေးအပ်လှူဒါန်းစဉ်။
(သတင်း-ဖော်ပြုပြီး) (သတင်းစဉ်)

အရန်မီးသတ်ဝတ်စုံပေးအပ်

ရန်ကုန် မတ် ၂၈

ဘော်လခဲမြို့ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဝတ်စုံပေးအပ်ပွဲ အခမ်းအနားကို မတ် ၅ ရက်က ဘုရင့်နောင်ခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ရပ်မိရပ်ဖများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌဦးမောင်မောင်ခင်က အမှာစကား ပြောကြားပြီး အဖွဲ့ဝင်ခရိုင်ရဲမှူးဆန်းတင်နှင့် မြို့နယ်ဥက္ကဋ္ဌဦးစံလှိုင်တို့က မီးသတ်ဝတ်စုံများကို အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးတိုင်း သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် စည်ပင်နှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်သော နှင်းဆီ ဂဝံလမ်းသစ်ဖွင့်ပွဲကို မတ် ၁၉ ရက်ကကျင်းပရာ သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဝေတို့ ဂဝံလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ်စည်ပင်)

သန်လျင်မြို့နယ်အတွင်း မောင်းနှင်ပြေးဆွဲလျက်ရှိသောမော်တော်ဆိုင်ကယ်များ မတော်တဆမှုများနှင့် ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းအောင်နှင့် တာဝန်ရှိသူများ မတ် ၁၈ရက်က သန်လျင်မြို့ နာရီစင်အနီး ပန်းခြံရှေ့တွင် “အန္တရာယ်ကင်းစေဖို့ ဆိုင်ကယ်ဦးထုပ်ဆောင်းကြစို့” သတိပေး မြေစိုက်ပိုစတာ စိုက်ထူပွဲကျင်းပစဉ်။ (၅၂၇)

လက်ဖက်နှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသောအစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် စစ်ဆေးလျက်ရှိသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော လက်ဖက်များကို ဓာတ်ခွဲစစ်ဆေးရာ အောက်ဖော်ပြပါ လက်ဖက်အမှတ်တံဆိပ်များ၌ အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသော အဝါရောင်ဆိုးဆေး (Auramine 0) ပါဝင်ကြောင်း တွေ့ရှိရသည်။

Auramine 0 သည် ချည်၊ သိုးမွေး၊ ပိုးထည်၊ စက္ကူ၊ သားရေများကို အရောင်ဆိုးသော ဓာတုပစ္စည်းဖြစ်သည်။ စားသုံးသူများအား လတ်တလော အဆိပ်အတောက် မဖြစ်စေသော်လည်း ရေရှည်တွင် အသည်းနှင့် ကျောက်ကပ်ရောဂါဖြစ်စေခြင်း၊ ခန္ဓာကိုယ်ကြီးထွားမှုကို ထိခိုက်စေခြင်း၊ ကင်ဆာရောဂါဖြစ်စေခြင်းတို့ကြောင့် Auramine 0 ပါဝင်သော လက်ဖက်များသည် စားသုံးရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသော အဝါရောင်ဆိုးဆေး (Auramine 0) တွေ့ရှိရသည့် အမှတ်တံဆိပ်/လုပ်ငန်းများနှင့် လက်ဖက်အမျိုးအစားများ

စဉ်	အမှတ်တံဆိပ်/လုပ်ငန်း	လက်ဖက်အမျိုးအစားများ
၁။	ပါရမီရှင်	လက်ဖက်အသား လက်ဖက်အသားနှပ် လက်ဖက်ချဉ်စပ်နှပ်
၂။	ရီမွန်	ဇယန်းနှပ်ချဉ်စပ် လက်ဖက်ချဉ်စပ်နှပ်
၃။	နဝရတ်	လက်ဖက်အသား လက်ဖက်ချဉ်စပ် ချင်းချဉ်စပ် မန်ကျည်းချဉ်စပ်
၄။	သက်လွင်လက်ဖက်ရောင်းဝယ်ရေး	လက်ဖက်အသား
၅။	ပွဲတော်အုပ်	လက်ဖက်အညွန့်နှပ်
၆။	အမာသန်း	လက်ဖက်အညွန့်
၇။	ကျော် လက်ဖက်စိုလက်ဖက်ခြောက်၊ အကြော်စုံလုပ်ငန်း	လက်ဖက်အသား
၈။	အိုက်ထွန်း	လက်ဖက်အညွန့်နှပ် လက်ဖက်အသား ချင်းချဉ်စပ် လက်ဖက်ချဉ်စပ်
၉။	အောင်	ရှူးရှဲလက်ဖက်နှပ် ဇယန်းလက်ဖက်နှပ်
၁၀။	ရွှေဆင်ပျံ	လက်ဖက်အသား လက်ဖက်ချဉ်စပ်
၁၁။	စည်သူမောင်	ရှူးရှဲနှပ် လက်ဖက်အသား မန်ကျည်းချဉ်စပ် ချင်းချဉ်စပ် ဇယန်းနှပ်
၁၂။	ရွှေပြည်ဦး	လက်ဖက်အညွန့်နှပ် ချင်းချဉ်စပ် လက်ဖက်ချဉ်စပ် လက်ဖက်ရှူးရှဲနှပ်
၁၃။	မန္တလာမေ	လက်ဖက်ချဉ်စပ် လက်ဖက်အသား စောင်းလျားချဉ်စပ်
၁၄။	ရွှေတောင်မြင့်	ဇယန်းရှူးရှဲလက်ဖက်နှပ် ဇယန်းလက်ဖက်ညွန့်နှပ် ဇယန်းကြက်ခြေနီ
၁၅။	ရွှေဝါဖူး	လက်ဖက်အသား လက်ဖက်ချဉ်စပ် လက်ဖက်အသားနှပ်
၁၆။	ဝါဖူး	လက်ဖက်အသား လက်ဖက်ချဉ်စပ် လက်ဖက်ချင်း
၁၇။	နန်းရွှေစင်	လက်ဖက်ချဉ်စပ်
၁၈။	မိုးကုတ်ပဒေသာ	လက်ဖက်အညွန့်နှင့် နှစ်ပြန်ကြော် လက်ဖက်ချဉ်စပ်
၁၉။	အထက်တန်းထွေးထွေး မြန်မာ့ရိုးရာစားစရာများ	လက်ဖက်အသား
၂၀။	ရွှေဖူး	လက်ဖက်အညွန့်နှပ် မန်ကျည်းချဉ်စပ်နှပ် လက်ဖက်အသား ချဉ်စပ်လက်ဖက်နှပ်
၂၁။	မြမြင့်မိုရ်	လက်ဖက်အသားချဉ်စပ် (ဇယန်းနှပ်) လက်ဖက်ချဉ်စပ်နှပ်(ဆီပါ) လက်ဖက်အသား လက်ဖက်ချဉ်စပ်နှပ် စောင်းလျားချဉ်စပ်
၂၂။	ရှမ်းရွှေတောင်	ရှူးရှဲနှပ်
၂၃။	ရွှေမန်းမေ	ချင်းချဉ်စပ် လက်ဖက်ရှူးရှဲနှပ် မန်ကျည်းချဉ်စပ် လက်ဖက်အသားနှပ်
၂၄။	မင်းမင်း	လက်ဖက်အသား စောင်းလျားချဉ်စပ် လက်ဖက်အသားနှပ် ချင်းချဉ်စပ် လက်ဖက်နှင့်အကြော်စုံ
၂၅။	မြသီတာဦး	လက်ဖက်အသား လက်ဖက်ချဉ်စပ် ချင်းလက်ဖက်
၂၆။	နမ့်ဆန် (အေးအေးမြင့်)	လက်ဖက်ချဉ်စပ်အညွန့် လက်ဖက်ရှူးရှဲအညွန့်နှပ် လက်ဖက်အသားနှပ်
၂၇။	ဗိုလ်အုန်းသီး	လက်ဖက်ချဉ်စပ် ချင်းချဉ်စပ် လက်ဖက်အသား
၂၈။	လှ လက်ဖက်စိုလက်ဖက်ခြောက် လုပ်ငန်း	လက်ဖက်အသား
၂၉။	မဒေါင်းရီ	လက်ဖက်အသားနှပ် လက်ဖက်ချဉ်စပ်
၃၀။	ဝင်းသန်း	ဇယန်းလက်ဖက်နှပ် လက်ဖက်ချဉ်စပ် လက်ဖက်အသား(အပြာရောင်တံဆိပ်) လက်ဖက်အသား(အဝါရောင်တံဆိပ်)
၃၁။	အေးမြတ်မွန်	လက်ဖက်အသား လက်ဖက်ချဉ်စပ်
၃၂။	အောင်မြင်	လက်ဖက်အသား
၃၃။	မြင်းပျံ	လက်ဖက်အသား ချင်းလက်ဖက်
		လက်ဖက်ချဉ်စပ်(ရှယ်) လက်ဖက်ချဉ်စပ်(ရိုးရိုး)
၃၄။	ဦးဘရီ	လက်ဖက်အသား စောင်းလျားချဉ်စပ် လက်ဖက်ချင်း
၃၅။	မျိုးမျိုး	လက်ဖက်အသား လက်ဖက်ချဉ်စပ် ချင်းလက်ဖက်
၃၆။	ရွှေဇီးကွက်	လက်ဖက်အသား
၃၇။	ချိုချိုပိုပို	လက်ဖက်အသား စောင်းလျားချဉ်စပ် လက်ဖက်အသားနှပ် လက်ဖက်ချဉ်စပ်နှပ်
၃၈။	ဆွေဆွေ	လက်ဖက်အသား လက်ဖက်အသားချဉ်စပ် ချင်းချဉ်စပ် လက်ဖက်အညွန့်ရှူးရှဲနှပ်
၃၉။	သီဟ	ရှူးရှဲနှပ်နှင့်နှစ်ပြန်ကြော်
၄၀။	ရွှေလမင်း	လက်ဖက်အညွန့်ချဉ်စပ် လက်ဖက်ချဉ်စပ် ချင်းချဉ်စပ်
၄၁။	နှင်းတောင်	လက်ဖက်ချဉ်စပ် ချင်းချဉ်စပ်
၄၂။	ရွှေမြန်မာ	ဇယန်းလက်ဖက်ချဉ်စပ်
၄၃။	မို	လက်ဖက်အသား စောင်းလျားချဉ်စပ်
၄၄။	ဝါဆို	လက်ဖက်အသား လက်ဖက်အသားနှပ် လက်ဖက်ချဉ်စပ်နှပ်
၄၅။	တော်ဝင်	လက်ဖက်အသား လက်ဖက်ဇယန်းနှပ် လက်ဖက်ချဉ်စပ်နှပ်
၄၆။	ရွက်နုဝေ	လက်ဖက်နှပ်
၄၇။	အေးအေးစံ	လက်ဖက်ချဉ်စပ်နှပ်
၄၈။	ဆောင်းချယ်ရီ	လက်ဖက်အသား
၄၉။	စိန်ကျော်	လက်ဖက်အသား လက်ဖက်ချဉ်စပ်
၅၀။	လကမ္ဘာ	လက်ဖက်ချဉ်စပ်
၅၁။	ရွှေနန်းတော်	လက်ဖက်အသားနှပ် လက်ဖက်အသား လက်ဖက်ချဉ်စပ်
၅၂။	မြ	လက်ဖက်နှပ်(အချို) လက်ဖက်နှပ်(ချဉ်စပ်) လက်ဖက်အသား လက်ဖက်အသားချဉ်စပ်
၅၃။	သီပေါ	လက်ဖက်အသား လက်ဖက်အသားနှပ်
၅၄။	ရွှေဝါဝင်း	လက်ဖက်ချဉ်စပ် လက်ဖက်ချဉ်စပ်နှပ်(ဆီပါ) လက်ဖက်အသား လက်ဖက်အသားနှပ်
၅၅။	စိမ်းဝါဖူး	လက်ဖက်အညွန့်ရိုးရိုး လက်ဖက်ချဉ်(ရိုးရိုး) ချင်းလက်ဖက်
၅၆။	ဂန္ဓမာ	လက်ဖက်အသား
၅၇။	နွေသစ်ဦး	လက်ဖက်အသား လက်ဖက်နှပ်(ချဉ်စပ်)

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၃-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅ ၆။ အကပြိုင်ပွဲ
၈း၁၀ ၇။ ကျိုင်းတောင်းရေအား လျှပ်စစ်စီမံကိန်း
၈း၂၀ ၈။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အားကိုးချစ်သူကျေးတောသူ" (အပိုင်း-၃၄)**
၁၂း၅၅ ၅။ **မြန်မာဗီဒီယို "ငါးနာရီမထိုးခင်" (ဒွေး၊ နန္ဒာလှိုင်) (ဒါရိုက်တာ-ညိုမင်းလွင်)**
၂း၄၅ ၆။ International News
၃း၀၀ ၇။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ပြန်ကြားရေးဝန်ကြီးဌာနနိုင်ငံတော် ဆိုင်းဝိုင်းကြီးဖျော်ဖြေတင်ဆက်မှု အစီအစဉ်
၄း၃၀ ၄။ သက်တံရောင်သံစဉ်
၄း၄၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၅၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅း၀၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၀ ၈။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅း၂၀ ၉ ။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ ကာတွန်းအစီအစဉ် "Pocket Dragon Adventure"
၆း၅၅ ၁၃။ **တစ်မျက်နှာတစ်ကွက်စာ 'သတ္တိရှိတဲ့ မောင်ထုံ" (ကင်းကောင်၊ လုလု၊ ရီတာ၊ ခိုင်ပွင့်၊ လေပြေ) (ဒါရိုက်တာ-ကျော်နှင်းဆီ)**
၇း၁၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့သက်ထား" (အပိုင်း-၂)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ပြည်သူ့အတွက်တပ်မတော် (လမ်းနှင့်တံတား နိုင်ငံ့အား)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ကြမ္မာမုန်တိုင်း" (အပိုင်း-၂၂)**
၂၀။ အစီအစဉ်ပြီး၏။

အလက(၁)ကမာရွတ် ကွမ်းခြံ (ယခင်သရေရုံကျောင်း) ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၈

အလက(၁)ကမာရွတ် ကွမ်းခြံ (ယခင်သရေရုံကျောင်း) ပထမအကြိမ်အာစရိယပူဇော်ပွဲကို ဧပြီ ၂၆ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီခွဲတွင် Lion City Restaurant Golden Dragon Hall (ရွှေစပယ်ရိပ်မွန်နှင့်ရွှေမာလာရိပ်မွန်ကြား၊ ဘုရင့်နောင်လမ်းမကြီး၊ ရေကြောင်းသိပ္ပံကျောင်းရှေ့)၌ ကျင်းပမည်ဖြစ်သည်။ ယခင် သရေရုံကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ အသက် (၆၀)ပြည့်ဆရာ ဆရာမကြီးများအားလုံးနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိလိုပါက ဆရာမဒေါ်ကြင်မုံ ဖုန်း- ၅၀၉၇၇၇၊ လိုင်းခွဲ- ၃၇၈ သို့ မေးမြန်းစုံစမ်းနိုင်ကြောင်းနှင့် အလှူငွေနှင့်ပစ္စည်းများလှူဒါန်းလိုပါက ဦးချစ်ဆွေ ဖုန်း-၀၉ ၅၀ ၆၁၂၉၃၊ ဦးမြသောင်း ဖုန်း-၅၁၁၉၃၉၊ ဦးတင်ဌေး ဖုန်း-၅၀၂၁၇၄၊ ဦးအေးမြင့် ဖုန်း-၇၂၂၅၄၉၊ ဦးမောင်စစ် ဖုန်း-၀၉ ၅၁ ၂၃၅၃၅၊ ဦးမြင့်လွင် ဖုန်း-၅၂၇၄၅၂၊ ဇော်မိုးဦး ဖုန်း-၀၉ ၅၁ ၃၂၈၁၁၊ ဦးရဲဆွေ ဖုန်း-၀၉ ၈၀ ၃၀၄၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

တာလီဘန်များတိုက်ခိုက်မှုကြောင့် အာဖဂန်ရဲတပ်ဖွဲ့ဝင်ကိုးဦး သေဆုံး

ကဘူး မတ် ၂၈

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းနှင့် အလယ်ပိုင်းတွင် ကြာသပတေးနေ့၌ တာလီဘန်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုများကြောင့် အာဖဂန်ရဲတပ်ဖွဲ့ဝင် ကိုးဦးသေဆုံးပြီး အရာရှိခြောက်ဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာ သည်။

ဗုဒ္ဓဟူးနေ့က အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် အာဖဂန်လုံခြုံရေးတပ်ဖွဲ့များနှင့် နိုင်ငံစုံတပ်ဖွဲ့များ မကြာခဏ ဖြတ်သန်းသွားလာသော လမ်းပေါ်၌ ဘတ်(စ်)ကားငယ်တစ်စီးအတွင်း ဗုံးပေါက်ကွဲခြင်းကြောင့် အရပ်သားကိုးဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ယင်းဖြစ်ရပ်အပြီး နောက်တစ်ရက်တွင် အဆိုပါတိုက်ခိုက်မှုများ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ပထမဖြစ်ရပ်မှာ ဟဲလ်မန့်ပြည်နယ် နီဟာအီးဆာရေ့ဂျ်ခရိုင်အတွင်းမှ ရဲတပ်ဖွဲ့စစ်ဆေးရေးဂိတ်ကို နံနက် အရုဏ်မတက်မီ တာလီဘန်များက တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်ကိုးဦး သေဆုံးခဲ့သည်။

ဒုတိယဖြစ်ရပ်မှာ ကဘူးမြို့၏ အနောက်တောင်ဘက် ဂါဇနီပြည်နယ်တွင် ရဲတပ်ဖွဲ့ကားတစ်စီးကို တာလီဘန်များက ခြုံခိုတိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင်ခြောက်ဦးနှင့် အရပ်သားနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဟဲလ်မန့်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများသည် တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို မလိုလားသော ရန်သူများက သူရဲဘောကြောင်စွာ တိုက်ခိုက်ခြင်းဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။ ***အင်တာနက်။***

အမေရိကန် ပြည်ထောင်စု မြောက်ဒါကိုတာပြည်နယ် မြို့တော်ဖာဂိုတွင် ရက်ဒ်မြစ်မှ မြစ်ရေလျှံကျသည့် အန္တရာယ်နှင့်ရင်ဆိုင်နေရသည်ကို တွေ့ရစဉ်။ (အမျိုးသားမိုးလေဝသဌာနက တနင်္ဂနွေနေ့တွင် မြစ်ရေသည် အမြင့်ဆုံးအမှတ် ၄၂ပေအထိ ရောက်ရှိမည်ဟု ကြိုတင်ကြေညာထားသည်။ ၄၃ပေနီးပါးအထိလည်း ရောက်နိုင်သည်ဟု ဆိုသည်။ ရေကာတာ အမြင့်မှာ ၄၃ပေရှိသည်။ ၁၈၉၇ ခုနှစ်က ၄၀ ဒသမ ၁ပေ အထိ ရောက်ရှိခဲ့ဖူးသည်။ ရတ်ဒ်မြစ်ပေါ်ရှိ ဖာဂိုမြို့သူမြို့သားများမှာ ရက်ပေါင်းများစွာ စိုးရိမ်ပူပန်နေရမည်ဟု ဆိုသည်။) ***(အင်တာနက်)***

ဥရောပမှ ဓာတုဗေဒပစ္စည်းတင်သင်္ဘောနှစ်စင်း ဆိုမာလီရေပြင်တွင် ပင်လယ်ဓားပြများ ဖမ်းဆီးခံရ

ဘရပ်ဆယ် မတ် ၂၈

အာဖရိကဒေသ ဆိုမာလီရေပြင်တွင် လွန်ခဲ့သောနှစ်ရက်က ဥရောပသင်္ဘောလုပ်ငန်းများကပိုင်ဆိုင်သောဓာတုဗေဒပစ္စည်းတင်သင်္ဘောနှစ်စင်းကို ပင်လယ်ဓားပြများက ပြန်ပေးဆွဲသွားကြောင်း ဥရောပသမဂ္ဂ၏ ပင်လယ်ဓားပြတိုက်ဖျက်ရေးအဖွဲ့က မတ် ၂၆ရက်တွင်ပြောကြားသည်။

ပနားမားတွင် မှတ်ပုံတင်ထားသော တန် ၉၀၀၀ အလေးချိန်ရှိ ဂရိပိုင်သင်္ဘောသည် ဗုဒ္ဓဟူးနေ့က ကစ်မာရိုအရပ်မှ အရှေ့ဘက် မိုင် ၄၅၀ ခန့်အကွာတွင် ပင်လယ်ဓားပြများ၏ ဖမ်းဆီးခြင်းခံရသည်။

တစ်ဖန် ကြာသပတေးနေ့တွင်လည်း ဘဟားမားမှတ်ပုံတင် နော်ဝေနိုင်ငံပိုင် တန် ၂၃၀၀၀ အလေးချိန်ရှိ ဓာတုဗေဒပစ္စည်းတင်သင်္ဘောသည် ကစ်မာရိုအရပ်မှ အရှေ့ဘက် မိုင် ၂၅၀ ခန့်အကွာတွင် ပင်လယ်ဓားပြများ၏ ဖမ်းဆီးခြင်းခံရကြောင်း ဥရောပသမဂ္ဂပင်လယ်ဓားပြတိုက်ဖျက်ရေးမစ်ရှင်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဖော်ပြပါရေပြင်တွင် ပင်လယ်ဓားပြများ၏ လှုပ်ရှားမှုများ မြင့်တက်လာသည့်အတွက် ပင်လယ်ရေကြောင်းသွားလာမှု လုံခြုံရေးအဖွဲ့က သင်္ဘောများအား သတိရှိကြရန် နိုးဆော်ချက်ထုတ်ပြန်ထားသည်။ ***အင်တာနက်။***

အာဖရိကဒေသ ဆိုမာလီရေပြင်တွင်ပင်လယ်ဓားပြများ၏ ပြန်ပေးဆွဲခံရသော ဓာတုဗေဒပစ္စည်းတင်သင်္ဘောကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် အက်ဖ်-၂၂ ဂျက်တိုက်လေယာဉ် စမ်းသပ်ပျံသန်းစဉ် ဖလော်ရီဒါတွင် ပျက်ကျ

ဝါရှင်တန် မတ် ၂၈

အမေရိကန်နိုင်ငံ တောင်ကယ်လီဖိုးနီးယားပြည်နယ်ရှိ အဲဒဝတ်လေတပ်စခန်းအနီးတွင် မတ် ၂၅ ရက်က အမေရိကန်လေတပ်ဖွဲ့၏ ခေတ်အမီဆုံးနှင့် တန်ဖိုးအကြီးဆုံးအက်ဖ်-၂၂ဂျက်တိုက်လေယာဉ် ပျက်ကျခဲ့ကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။ ထိုလေယာဉ်ကို လော့ခ်ဟိဒ်မာတင်ကော်ပိုရေးရှင်းက ထုတ်လုပ်သည်။ အခင်းဖြစ်ပွား မှုတွင် အသက် ၄၉ နှစ်ရှိ လေယာဉ်မှူး ဒေးဗစ်ဆူလေး သေဆုံးသွားသည်။ ၎င်းမှာ အတွေ့အကြုံ ၂၂ နှစ်ရှိပြီဖြစ်သော ဝါရင့် လေယာဉ်မှူးတစ်ဦးဖြစ်ပြီး လော့ခ်ဟိဒ်မာတင် လေယာဉ် ကုမ္ပဏီနှင့်တွဲ၍ အလုပ် လုပ်နေသည်မှာ ၂၀၀၃ခုနှစ် ကတည်းက ဖြစ်သည်။ လေယာဉ်ပျက်ကျရသည့် အကြောင်းအရင်းကို သက်ဆိုင်ရာက စုံစမ်းလျက်ရှိသည်။

အဆိုပါ အက်ဖ်-၂၂ လေယာဉ်မှာ စမ်းသပ်ပျံသန်းနေစဉ် ပျက်ကျရခြင်းဖြစ်သည်။ ထိုလေယာဉ်သည် နံနက် ၁၀ နာရီတွင် လေတပ်စခန်း၏ အရှေ့မြောက်ပိုင်း ၃၅မိုင်အကွာတွင်ပျက်ကျသွားသည်။ ယင်းလေယာဉ်ကို အမေရိကန်လေတပ်ဖွဲ့နှင့် လော့ခ်ဟိဒ်ကုမ္ပဏီတို့က ပူးတွဲ၍ စမ်းသပ်နေကြစဉ် ယခုကဲ့သို့ မတော်တဆမှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

ယခုအကြိမ်ပါနှင့်ဆိုလျှင် အက်ဖ်-၂၂ လေယာဉ်ပျက်ကျရခြင်းမှာ နှစ်ကြိမ်ရှိသွားပြီဖြစ်ပြီး ၂၀၀၄ ခုနှစ် ဒီဇင်ဘာလအတွင်းကလည်း ယင်းလေယာဉ်ကို စမ်းသပ်ပျံသန်းနေစဉ် ပျက်ကျခဲ့ရသေးသည်။ ထိုစဉ်က လေယာဉ်မှူးမှာ လေယာဉ်မှ အချိန်မီခုန်ထွက်နိုင်ခဲ့သဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ရသည်။

အက်ဖ်-၂၂ လေယာဉ်သည် စက်နှစ်လုံးတပ် ဂျက်လေယာဉ်အမျိုးအစား ဖြစ်သည်။ ယင်း၏ အမြန်နှုန်း၊ စစ်ကစားနိုင်မှုနှင့် တပ်ဆင်ထားသော အဆင့်မြင့် အီလက်ထရွန်နစ် ပစ္စည်းများကြောင့် ထိုလေယာဉ်ကို ခေတ်အမီဆုံးလေယာဉ်အဖြစ် ယေဘုယျအားဖြင့် အသိအမှတ်ပြုထားသည်။ ထိုလေယာဉ်သည် ရန်သူ့နယ်မြေအတွင်း တစ်ဖက်လူမသိအောင် ဝင်ရောက်ထိုးနှက်နိုင်ခြင်း၊ လေယာဉ်အချင်းချင်း စီးချင်းထိုးနိုင်ခြင်း စသည့် တာဝန်များကို ထမ်းဆောင်နိုင်စေရန် စီမံထုတ်လုပ်ထားသည်။

ယင်းလေယာဉ်၏ ထူးခြားသော အာရုံခံ ထောက်လှမ်းရေးကိရိယာများကြောင့် ရန်သူ့လေယာဉ်ကို အသာစီးဖြင့် တိုက်ခိုက်နိုင်စွမ်းရှိသည်ဟု ဆိုသည်။ ယူနိုက်တက်တက်ခနိုလော်ဂျီ ကော်ပိုရေးရှင်း၏ ပရက်နှင့်ဝှစ်တနီကုမ္ပဏီတို့က အက်ဖ်-၂၂ ၏ လေယာဉ်အင်ဂျင်စက်များကို ထုတ်လုပ်ပေးသည်။

ထိုလေယာဉ်များကို ပြည်ပနိုင်ငံများ၏ ဝေဟင်တွင်ပျံသန်းရာ၌ အသုံးပြုခဲ့ဖူးသည်။ သို့ရာတွင် ယင်းလေယာဉ်များကို အာဖဂန်တွင် အမေရိကန်များ တိုက်ပွဲဝင်ရာ၌ အသုံးမချသည့်အတွက် ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်က ဝေဖန်ခဲ့ဖူးသည်။

အမေရိကန်လေတပ်အနေဖြင့် ခေတ်မီဂျက်တိုက်လေယာဉ်အသစ်များ လိုအပ်လျက်ရှိသည်ဟု ဆိုသည်။ သို့ရာတွင် စင်းရေမည်မျှ လိုအပ်သည်ကိုမူ လူသိရှင်ကြား ထုတ်ဖော်ကြေညာခြင်း မပြုပေ။

လောလောဆယ်တွင် အမေရိကန် လေတပ်လက်ဝယ်တွင် အက်ဖ်-၂၂ ဂျက်တိုက်လေယာဉ် ၁၃၄ စင်း ပိုင်ဆိုင်ထားပြီးဖြစ်သည်။ ထိုလေယာဉ်တစ်စင်း၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၃ သန်းရှိကြောင်း သိရသည်။

အင်တာနက်။

ဘဂ္ဂဒက်တွင် ကားဗုံးကွဲ၊ လူ ၂၀ သေဆုံး

ဘဂ္ဂဒက် မတ် ၂၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်း လူစည်ကားရာဈေးအနီး ကားရပ်နားရာနေရာတွင် ကားဗုံးတစ်လုံးပေါက်ကွဲရာ လူ၂၀ သေဆုံးပြီး၊ ၄၀ ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

ရှီးယိုက်အများစုနေထိုင်သော ရပ်ကွက်အတွင်း နာမည်ကြီးဈေးအနီး ကားရပ်နားရန်နေရာ၏ အပြင်ဘက်၌ ပေါက်ကွဲစေတတ်သော လက်နက်ခဲယမ်းများ တင်ဆောင်ထားသည့် ကားတစ်စီးကို ရပ်ထားခဲ့သည်ဟု အဆိုပါသတင်းပေးက ဆင်ဟွာသို့ ပြောကြားသည်။

ပေါက်ကွဲမှု ပြင်းထန်ပြီး အနီးရှိဘတ်(စ်)ကားများ၊ ဈေးဆိုင်များ ပျက်စီးခဲ့သည်ဟု ၎င်းက ထပ်မံပြောကြားသည်။သေဆုံးသူများ၊ ဒဏ်ရာရသူများတွင် အမျိုးသမီးများနှင့် ကလေးများ ပါဝင်သည်ဟု ဆိုသည်။ လူနာတင်ကားများ၊ အရပ်ဘက်ကားများ၊ ထရပ်ကားများဖြင့် ဒဏ်ရာရသူများကို ဘဂ္ဂဒက်မြို့အရှေ့ပိုင်းနှင့် အလယ်ပိုင်းရှိ ဆေးရုံသို့ သယ်ပို့ပေးကြသည်ဟု သိရသည်။

အင်တာနက်။

ပါပူဝါ နယူးဂီနီ၌ သတ္တဝါမျိုးစိတ်သစ်များကို သိပ္ပံပညာရှင်များ တွေ့ရှိ

ဆစ်ဒနီ မတ် ၂၈

မျက်လုံးနက်ကြီးဖြင့် အစိမ်းရောင်တောက်နေသော ဖားတစ်ကောင်၊ ခုန်လွှားနေသော ပင့်ကူများနှင့် အစင်းအကျားနှင့် တောက်တဲ့တစ်ကောင်တို့ အပါအဝင် တိရစ္ဆာန်မျိုးစိတ်အသစ် ၅၀ ကျော်ကို ပါပူဝါ နယူးဂီနီနိုင်ငံ တောင်တန်းဒေသ ဝေးလံခေါင်သီသည့်နေရာ၌ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါမျိုးစိတ်သစ် သတ္တဝါများ တွေ့ရှိသည်ဆိုသောသတင်းကို ဝါရှင်တန်ဒီစီ အခြေစိုက် နိုင်ငံတကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနက ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ကြေညာသည်။ လွန်ခဲ့သော လအတန်ကြာကတည်းက သတ္တဝါမျိုးစိတ်ပေါင်း ၆၀၀ ကျော်ကို လေ့လာစိစစ်နေရာမှ လေ့လာရေးအဖွဲ့သည် ဇူလိုင်နှင့် ဩဂုတ်လတွင် တောင်ပစိဖိတ်ကျွန်းနိုင်ငံဖြစ်သော ပါပူဝါနယူးဂီနီ၌ တိရစ္ဆာန်မျိုးစိတ်သစ်များ တွေ့ရှိခြင်းဖြစ်သည်။

ရှာဖွေတွေ့ရှိခဲ့သော တိရစ္ဆာန်များအနက် သိပ္ပံစာပေများတွင် ယခင်က ဖော်ပြထားခြင်းမရှိသော ပင့်ကူမျိုးကွဲ ၅၀၊ ဖားသုံးမျိုးနှင့် တောက်တဲ့တစ်မျိုးတို့ကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့က တွေ့ရှိခဲ့သည်။ တွေ့ရှိခဲ့သော ဖားမျိုးကွဲများအနက် တစ်ကောင်မှာ စူးရှရှအသံနှင့် အညိုရောင်ဖားအသေးစားဖြစ်ပြီး နောက်တစ်ကောင်မှာ ကျယ်လောင်စွာ အော်မြည်နိုင်သည့် သတ္တဝါဖြစ်သည်။ ခုန်လွှားနေသော ပင့်ကူများအနက် တစ်ကောင်မှာ ပြောင်လျက်နေသော အစိမ်းရောင်ဖျော့ဖျော့နှင့် အခြားတစ်ကောင်မှာတော့ အညိုရောင်အမွေးထူပင့်ကူတို့ ဖြစ်သည်။ တောင်ပစိဖိတ်ကျွန်းနိုင်ငံ၌ မျိုးစိတ်သစ် သတ္တဝါပေါင်း အမြောက်အမြားရှိသဖြင့် မျိုးစိတ်များစွာကို လေ့လာရှာဖွေနိုင်ကြောင်း စူးစမ်းလေ့လာရေးအဖွဲ့ခေါင်းဆောင်စတိဗ်ရစ်ချတ်က ပြောကြားသည်။

အင်တာနက်။

နေတိုးတပ်ဖွဲ့များကြောင့် အာဖဂန်လယ်သမားနှစ်ဦးသေ

ကဘူး မတ် ၂၇

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ဘက်တွင် နေတိုးဦးဆောင်သောတပ်ဖွဲ့များ ပစ်ခတ်မှုကြောင့် အာဖဂန်လယ်သမားနှစ်ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့ အကြီးအကဲတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

သူနှင့် တာလီဘန်များအား တိုက်ခိုက်နေသော သူ့အား ထောက်ခံသည့် အနောက်အုပ်စုတပ်ဖွဲ့ဝင် ၇၀၀၀၀ ခန့်အကြား တင်းမာမှုဖြစ်ပေါ်စေသော အကြီးမားဆုံး အကြောင်းတရားမှာ အရပ်သားများ သေဆုံးနေခြင်းဖြစ်သည်ဟု သမ္မတကာဇိုင်းက ပြောသည်။

လွန်ခဲ့သော အင်္ဂါနေ့က ခို့စ်မြို့ပြင်၌ အာဖဂန်နှစ်ဦးအား သတ်ဖြတ်ခဲ့ကြောင်း၊ ၎င်းတို့သည် အပြစ်မဲ့သောအရပ်သား ယာသမားများ ဖြစ်ကြကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ အကြီးအကဲက ပြောကြားသည်။

နေတိုးဦးဆောင်သော တပ်ဖွဲ့များ၏ ပြောခွင့်ဆိုခွင့်ရှိသူတစ်ဦးက ခို့စ်မြို့တွင် မတော်တဆဖြစ်ပွားမှုကို နိုင်ငံစုံတပ်ဖွဲ့များက စုံစမ်းစစ်ဆေးနေကြောင်း၊ သို့သော် မည်သည့်သတင်းအချက်အလက် အသေးစိတ်ကိုမျှ ပြောကြားခြင်းမရှိဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ရှာအဗ် အရပ်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီး လူ ၂၀သေဆုံးသွားသော နေရာအား စစ်ဆေးနေကြသည်ကို မတ် ၂၆ရက် က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့သို့ ထွက်ခွာ

နေပြည်တော် မတ် ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမြို့၌ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် မန္တလေးမြို့သို့ ချစ်ကြည်ရေးခရီးဆက်လက်လည်ပတ်ရန် ထွက်ခွာသွားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr.Li Changchun အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၃-၂၀၀၉ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"သေနည်း(၄)မျိုး" တရားတော် [ဆရာတော်အရှင်ဇဝန(မေတ္တာရှင်)]
၈း၀၀ - ၂း၀၀	Sunday Talk [ကိုကိုလှိုင်၊ ကိုကို(စက်မှုတက္ကသိုလ်)]
၈း၅၀ - ၂း၅၀	ရေပျော်ငှက်၏ တောင်ပံခတ်သံ
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	ကမ္ဘာ့အားကစားဇာတ်ခုံ
၉း၄၀ - ၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅ - ၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀ - ၃း၅၀	အရေးပါသောနောက်ဆုံးပေါ်အရိုးအဆစ်ဆေးပညာ
၁၀း၂၀ - ၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅ - ၄း၂၅	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁၀း၃၅ - ၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀ - ၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀ - ၄း၅၀	လူငယ် IT ပညာရှင်များနှင့် Software Engineering
၁၁း၂၀ - ၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅ - ၅း၂၅	ဝတ်စားဆင်ယင်ပါတိတ်ဒီဇိုင်းထွင်
၁၁း၄၅ - ၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀ - ၅း၅၀	ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ
၁၂း၀၀ - ၆း၀၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၃) (စစ်ရေးတေး)
၁၂း၁၅ - ၆း၁၅	International Video Topics (သစ်အိမ်ကြီးများပြောင်းရွှေ့ခြင်း)
၁၂း၄၀ - ၆း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅ - ၆း၄၅	မြန်မာ့တူရိယာစည်တော်ကြီး
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့၌ လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဧည့်သည်တော် Mr. Li Changchun နှင့် အဖွဲ့ဝင်များသည် ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ ရောက်ရှိပြီး သီဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်းနှင့် မင်းခမ်းတော်ပစ္စည်းများ ပြခန်းတို့ကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ဧည့်သည်တော် Mr. Li Changchun နှင့် အဖွဲ့ဝင်များသည် လမ်းမတော်မြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိုဘိုင်းဆက်သွယ်ရေးစခန်း WCDMA အိတ်ချိန်းကို သွားရောက်ကြည့်ရှု လေ့လာကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် Mr. Li Changchun နှင့် အဖွဲ့ဝင်များသည် မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဧည့်သည်တော် Mr. Li Changchun နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာစက်မှုမြို့ ကနောင်ခန်းမသို့ ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက လှိုင်သာယာစက်မှုမြို့ ဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဧည့်သည်တော် Mr. Li Changchun နှင့် အဖွဲ့ဝင်များသည် TOKYO PIPE စက်ရုံနှင့် FAME ဆေးဝါးထုတ်လုပ်ရေး စက်ရုံတို့ကို သွားရောက် ကြည့်ရှုလေ့လာသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်း ကော်မတီအဖွဲ့ဝင် H.E.Mr.Li Changchun ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များ ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

သင်္ကြန်နှစ်ဆန်းတွင် ငါးသားပေါက်များ ရောင်းချလိုပါက ငါးလုပ်ငန်းဦးစီးဌာနသို့ ခွင့်ပြုချက်လျှောက်ထားကြရန် နှိုးဆော်

ရန်ကုန် မတ် ၂၈

အသားစားကြူးသော အာဖရိကငါးခူများသည်ဘုရားကန်များ၊ ကန်တော်ကြီးရေပြင်၊ အင်းလျားကန်ရေပြင်၊ မြစ်များ၊ ချောင်းများနှင့် သဘာဝရေပြင်များတွင် ပျံ့နှံ့သွားပါက အခြား ငါး/ပုစွန် စသော ရေနေသတ္တဝါများမျိုးပြုန်းတီးမှု ဖြစ်ပေါ်စေသဖြင့် ငါးလုပ်ငန်းဦးစီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၀၁)ဖြင့် အာဖရိက ငါးခူမျိုးများ မွေးမြူခြင်း၊စုဆောင်းခြင်း၊ မျိုးပြန့်ပွားစေခြင်းမပြုရန် တားမြစ်ထားသည်။ နှစ်စဉ်နှစ်တိုင်း သင်္ကြန်နှစ်ဆန်း(၁)ရက် ဇီဝိတဒါနငါးလွှတ်ပွဲများ တွင် တားမြစ်ထားသော အာဖရိကငါးခူ သားပေါက်များကို ရောင်းချခြင်း၊ ဝယ်ယူခြင်းများ မပြုလုပ်ကြရန် သတိပေးထားသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ငါးသားပေါက်များကို ရောင်းချပေးမည်ဖြစ်သဖြင့် ငါးသားပေါက်များဝယ်ယူလိုပါက ငါးလုပ်ငန်းဦးစီး ဌာန(ရုံးချုပ်)နှင့်ရန်ကုန်တိုင်းလှော်ကားငါးလုပ်ငန်းစခန်း၊ လေးဒေါင့်ကန်ငါးလုပ်ငန်း စခန်း၊ ကန်တော်ကြီး ရေချိုငါးဥယျာဉ်နှင့် နီးစပ်ရာသက်ဆိုင်ရာမြို့နယ်ငါးလုပ်ငန်းစခန်းများသို့ ဆက်သွယ်ဝယ်ယူရရှိနိုင်သည်။

ထို့အပြင် အများပြည်သူနှင့် သက်ဆိုင်သောနေရာ၊ ဌာနများတွင် ငါးလုပ်ငန်း ဦးစီးဌာနမှ ငါးသားပေါက် အရောင်းဌာနများ ဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး ဘေးမဲ့ ငါးလွှတ်လိုသူများ ငါးလုပ်ငန်းဦးစီးဌာနသို့ ကြိုတင်ဆက်သွယ် မှာကြားကြပါရန် နှိုးဆော်ထားသည်။

ငါးသားပေါက်များ ဆက်သွယ်ဝယ်ယူလိုပါက ဖုန်း-၀၁-၂၂၅၅၈၆၊ ၂၂၅၅၅၃၊ ၂၁၁၃၈၂၊ ၆၃၅၁၉၆၊ ၆၁၁၁၂၀၊ ၇၀၈၅၁၉ နှင့် ၅၅၅၆၁၃ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်တာနက်အက္ခရာဝါသိပ္ပံသတင်း

အန္တာတိကရှိ ရေခဲမြစ်တစ်စင်းကို မောင်းသူမဲ့ ရေငုပ်သင်္ဘောဖြင့်လေ့လာ

လန်ဒန် မတ် ၂၈

ဗြိတိန်နိုင်ငံ အမျိုးသားပင်လယ်သမုဒ္ဒရာလေ့လာရေးဌာနမှ သိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်ထားသော မောင်းသူမဲ့ ရေငုပ်သင်္ဘောငယ်တစ်စင်းသည် အန္တာတိကတိုက်ရှိ ရေခဲမြစ်တစ်စင်းအောက်တွင် ငုပ်လျှိုးကာ လေ့လာမှုများကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အန္တာတိက အနောက်ပိုင်းဒေသနှင့် နယ်မြေချင်းထိစပ်နေသော ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်း အမွန်ဆန်ပင်လယ် (Amundsen Sea) အတွင်း ပိုင်းကျွန်း (Pine Island) ရေခဲမြစ်ကို မောင်းသူမဲ့ ရေငုပ်သင်္ဘောအသုံးပြုကာ လေ့လာခဲ့သည်။

ဗြိတိန်နိုင်ငံ အန္တာတိကလေ့လာရေးဌာနမှ ဒေါက်တာအက်ဒရီယန် ဂျင်ကင်နှင့် အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကိုလံဘီယာတက္ကသိုလ်ရှိ မြေကမ္ဘာလေ့လာရေးဌာနမှ သုတေသီ စတန်းဂျက်ကော့တို့ဦးဆောင်သော နိုင်ငံတကာ သိပ္ပံပညာရှင်များ အဖွဲ့တစ်ဖွဲ့သည် ရေခဲမြစ်၏အောက်ဘက် မျက်နှာပြင်အခြေအနေနှင့် အနီးဝန်းကျင် ရေထုလွှာ၏ ဓာတ်ဆားပျော်ဝင်မှုနှင့် အပူချိန်အခြေ

မောင်းသူမဲ့ ရေငုပ်သင်္ဘောငယ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘာသာပြန် - တက်လူ

အနေတို့ကို စူးစမ်းလေ့လာရာတွင် မောင်းသူမဲ့ ရေငုပ်သင်္ဘောကို အသုံးပြုခဲ့သည်။

မောင်းသူမဲ့ရေငုပ်သင်္ဘောငယ်သည် ရေခဲမြစ်၏အောက်ဘက် ကီလိုမီတာ ၅၀၀ အကွာတွင် ငုပ်လျှိုးခဲ့ပြီး ခရီးတာ ကီလိုမီတာ ၁၁၀ အထိ ခရီးနှင်ခဲ့ကြောင်း၊ လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ရေခဲမြစ်၏ အရည်ပျော်စီးဆင်းမှုအခြေအနေနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ရယူနိုင်ခဲ့ကြောင်း ဒေါက်တာဂျင်ကင်က ပြောကြားသည်။

မောင်းသူမဲ့ ရေငုပ်သင်္ဘောငယ်သည် ပင်လယ်ရေအောက် ရှာဖွေရေးကိရိယာကို အသုံးပြုကာ ထောက်လှမ်းလေ့လာမှုများ ပြုလုပ်နိုင်ခဲ့ပြီး သုံးဘက်မြင်ပုံရိပ်များကို ရိုက်ကူးကာ သတင်းပေးပို့နိုင်ခဲ့ကြောင်း ၎င်းကပြောကြားသည်။

သိပ္ပံပညာရှင်များ၏ ရည်မှန်းချက်မှာ ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုနှင့်အတူ ပင်လယ်ရေမျက်နှာပြင် ပိုမိုမြင့်တက်လာနိုင်သည့် အခြေအနေနှင့် ပတ်သက်၍ လေ့လာရန်ဖြစ်သည်။

အင်တာနက်။

နိုင်ငံတော်အတွက် ခေတ်မီမျိုးချစ်တပ်မတော်

ပန်းတောင်းသန်းကြွယ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဟု ယနေ့ဖြစ်တည်နေသည့် ဘူမိနက်သန်မြေကြီးပေါ်တွင် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာကပင် စတင်ပေါက်ဖွားရှင်သန်လာခဲ့သော လူသားမျိုးနွယ်တစ်ရပ်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသား မျိုးနွယ်စုပေါင်းတစ်ရာကျော်ပွားစီးခဲ့ပြီး "မြန်မာလူမျိုး"အဖြစ် သမိုင်းအစဉ်အဆက် တိုးတက်ဖြစ်ပေါ်လာခဲ့သည်မှာ ဂုဏ်ယူဝင့်ကြွားဖွယ် အမျိုးသားရေးဂုဏ်ဒြပ်တစ်ခုပင်ဖြစ်သည်။ မိမိတို့ တိုင်းရင်းသားလူမျိုးစုများသည် သုခ၊ ဒုက္ခအပေါင်းကို အေးအတူ၊ ပူအမျှဝေမျှခံစားလျက် ခွဲခြားမရသော မိသားစုကြီးအဖြစ် ပေါင်းစည်းယှက်နွယ်အတူတကွ နေထိုင်ခဲ့ကြသည်။

အစဉ်အလာကောင်းများက ဖန်တီးဖော်ဆောင်ခဲ့သည့် အကျိုးရလဒ်ကောင်းများကြောင့် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားသော "မြန်မာ" ဟူသည့် တစည်းတလုံးတည်းသော လူမျိုးအဖြစ် တိုးတက် ဖြစ်ထွန်းလာခဲ့သည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးစုများအားလုံးသည် တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာရှိခဲ့ကြပြီး ပြည်ပရန်စွယ်အသွယ်သွယ်ကို တက်ညီလက်ညီ လက်တွဲတွန်းလှန်တိုက်ဖျက်နိုင်ခဲ့သဖြင့်လည်း "ပြည်ထောင်စုမြန်မာနိုင်ငံတော်"ဟူ၍ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် တင့်တယ်ထည်ဝါစွာ ရပ်တည်နေနိုင်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာဆိုသော လွတ်လပ်မှုကို ကာကွယ်ရန်အတွက် "ခွန်အား"ရှိရမည် ဖြစ်ပေရာ နိုင်ငံများအနေဖြင့် ခွန်အားရရှိရေးအတွက် ကြိုးစားကြရမည်ဖြစ်သည်။ အကယ်၍ ခွန်အားချို့တဲ့ပိန်လှီနေပါက ကိုယ့်အပေါ် ဗိုလ်ကျစိုးမိုးလိုသည့် အခြားနိုင်ငံများ၏ စိုးမိုးမှုကို အနည်းနှင့်အများဆိုသလို ခံကြရမည်ဖြစ်သည်။ နိုင်ငံများအနေဖြင့် ခွန်အားရှိအောင် ဆောင်ရွက်ရာ၌ ယေဘုယျအားဖြင့်-

- **နိုင်ငံတော်အား စီးပွားရေးအင်အားတောင့်တင်းစေခြင်း၊**
- **နိုင်ငံတော်ရှိ ပြည်သူလူထုအား ကာယစိတ္တအင်အားတောင့်တင်းစေခြင်း၊**
- **နိုင်ငံတော်အား ကာကွယ်ရေးအင်အား တောင့်တင်းစေခြင်း**

တို့ကို ကြိုးပမ်းအကောင်အထည်ဖော် ကြရသည်။

နိုင်ငံတစ်ခုသည် စီးပွားရေးအင်အားမတောင့်တင်းပါက စစ်မက်ဖြစ်ပွားမှုအဆင့်မရောက်သေးသည့် ဖိအားပေးမှုတစ်ခုခု ပေါ်ပေါက်လာလျှင်ပင် တောင့်ခံနိုင်သည့် အင်အားရှိမည်မဟုတ်ပေ။ စီးပွားရေးအရ တောင့်တင်းသည်ဟု ဆိုရာတွင် ငွေကြေးချမ်းသာရုံနှင့်မလုံလောက်သေးဘဲ ကိုယ့်နိုင်ငံအကျပ်အတည်းကျရောက်သည့်အခါတွင် ကြံ့ကြံ့ခံနိုင်သည့် လုံလောက်သောမဟာဗျူဟာမြောက် အရန်အင်အားရှိရန် လိုအပ်ပေသည်။

အလားတူ နိုင်ငံတစ်နိုင်ငံအဖြစ် လွတ်လပ်စွာရှင်သန်နိုင်ရေးတွင် ကိုယ့်နိုင်ငံသား ပြည်သူလူထုတို့၏ ကာယ၊ စိတ္တအင်အား ခိုင်မာတောင့်တင်းရန် လိုအပ်ချက်ကလည်း အရေးကြီးလှသည်။ နိုင်ငံသားတိုင်းသည် မိမိတို့နိုင်ငံတွင် နိုင်ငံသားဖြစ်နေရမှုကို ဂုဏ်ယူတတ်ကြရမည်ဖြစ်သည်။ ကိုယ့်နိုင်ငံ၏ ယဉ်ကျေးမှုအစဉ်အလာ၊ မြင့်မြတ်မှုသမိုင်းကြောင်းနှင့်တကွ နိုင်ငံ၏ တည်ငြိမ်စွာ ရပ်တည်နေရမှုတို့အပေါ် နားလည်ဂုဏ်ယူတတ်ကြရမည်ဖြစ်သည်။ နိုင်ငံတစ်ခု၏ လူမျိုးစုများအနေဖြင့် နိုင်ငံသားအဖြစ် ရပ်တည်နေရမှုကို ဂုဏ်ယူတတ်ရမည့်အပြင် မိမိကိုယ်ကိုမိမိ အားကိုးသည့် စိတ်ဓာတ်လည်းရှိရမည် ဖြစ်သည်။

ထို့မျှမက နိုင်ငံတစ်နိုင်ငံ၏ ကာကွယ်ရေးအင်အားတောင့်တင်းခိုင်မာရန် လိုအပ်ချက်မှာလည်း လွန်စွာအရေးကြီးလှသည်။ နိုင်ငံတစ်နိုင်ငံအား ပြင်ပမှ ကျူးကျော်စော်ကားလာသည့်အခါတွင် နိုင်ငံချင်း၊ လူမျိုးချင်း အားပြိုင်မှုပင်ဖြစ်၍ လူမျိုးတစ်ရပ်လုံး ပါဝင်လှုပ်ရှား ဆန့်ကျင်မှုပြုရမည်ဖြစ်သည်။ သို့သော် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လှုပ်ရှားဆောင်ရွက်လာရန် အချိန်အတိုင်းအတာတစ်ရပ် လိုအပ်သဖြင့် ကျူးကျော်လာသူမှန်သမျှအား အရင်ဆုံးထိပ်တိုက်ရင်ဆိုင်ရမည့် အင်အားစုမှာ ကာကွယ်ရေးအင်အားစုပင် ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်း၌ မည်သည့် နိုင်ငံကြီးငယ်မဟူ တပ်မတော်အသီးသီးကို ဖွဲ့စည်းကြရခြင်းဖြစ်သည်။ အင်အားနည်းသည်၊ များသည်၊ ကြီးသည်၊ ငယ်သည် မခွဲခြားဘဲ မိမိတပ်မတော်၏ စွမ်းရည်ကို အတတ်နိုင်ဆုံးတိုးမြှင့်ပြီး ခေတ်မီအောင် ကြိုးပမ်းကြရသည်။

နိုင်ငံတစ်ခုတွင် တပ်မတော်မရှိပါက ထိုနိုင်ငံသည် သူတကာ၏ မလေးမစား ပြုမူဆက်ဆံမှုကို ခံကြရမည်ဖြစ်သည်။

နှစ်ပေါင်းထောင်ချီ၍ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် မျိုးရိုးဂုဏ်ရှိန်ထည်ဝါမြင့်မားစွာ ရပ်တည်ခဲ့သည့် မြန်မာနိုင်ငံတော်ကြီးသည် ပရိယာယ်ဝေဝုစ်များလှသော ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခိုက်အတန့်အားဖြင့် ပျက်ပြားခဲ့ရပြီး သူ့ကျွန်ဘဝသို့ နှစ်ပေါင်းတစ်ရာကျော်ကျရောက်ခဲ့ရသည်မှာ မေ့ပျောက်မရနိုင်သည့်သမိုင်းပေးသင်ခန်းစာပင် ဖြစ်သည်။

၁၈၂၄ ခုနှစ်တွင် ဗြိတိသျှနယ်ချဲ့တို့က စတင်ကျူးကျော်တိုက်ခိုက်၍ အင်္ဂလိပ်-မြန်မာစစ်ပွဲသုံးကြိမ် ဖြစ်ပွားခဲ့ရသည်။ တတိယစစ်ပွဲအပြီးတွင် တစ်ပြည်ထောင်လုံး သူ့ကျွန်ဘဝကျရောက်ခဲ့ရပြီး လွတ်လပ်ရေး ဆုံးရှုံးခဲ့ရုံမျှမက မြန်မာ့တပ်မတော်ကြီးမှာလည်း ဖျက်သိမ်းခံခဲ့ရသည်။

၁၉၄၁ ခုနှစ် ဇူလိုင်လတွင် မျိုးချစ်လူငယ်များ ဦးဆောင်သော ရဲဘော်သုံးကျိပ်သည် ဂျပန်ပြည် ဟိုင်နန်ကျွန်းတွင် စစ်သင်တန်းများ စတင်တက်ရောက်ခဲ့သဖြင့် မြန်မာ့တပ်မတော်၏ အခန်းကဏ္ဍသစ်သည် ထိုအချိန်ထိုအခါမှစ၍ မြန်မာ့သမိုင်းတွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်ဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသမိုင်းတစ်လျှောက်တွင် တပ်မတော်သည် အမျိုးသားရေး ရှေ့ဆောင်ရှေ့ရွက် အင်အားစုကြီးအဖြစ် ရပ်တည်ခဲ့သည်။ မြန်မာ့လွတ်လပ်ရေးရရှိချိန်မှ ယနေ့လွတ်လပ်မှု ခိုင်မာတည်တံ့ရေး ကြိုးပမ်းနေရသည့် နှစ်ပေါင်း ၆၀ ကျော်မျှသောကာလတွင် တပ်မတော်သည် စစ်ရေး၊ နိုင်ငံရေး မုန်တိုင်းအမျိုးမျိုး၏ တိုက်ခိုက်မှုဒဏ်ကို ရှေ့ဆုံးမှ ကာရံကာကွယ်ရင်း ရင့်မာကြီးပြင်းခဲ့ရသည်။

တပ်မတော်သည် နယ်ချဲ့ကို တွန်းလှန်၍ လွတ်လပ်ရေးကို ရယူပေးခဲ့သည်။ ဖက်ဆစ်အန္တရာယ်ကိုလည်း တော်လှန်တိုက်ဖျက်ခဲ့ရသည်။ ပြည်တွင်းသောင်းကျန်းမှုမုန်တိုင်းကြီးကိုလည်း ဖြိုခွဲဟန့်တားခဲ့ရသည်။ ပြည်ပကျူးကျော်မှုကိုလည်း ချေမှုန်းတိုက်ဖျက်ခဲ့ရသည်။ လှေ့ဘောင်သစ်တစ်ခုကို မျှော်မှန်း ထူထောင်ရာတွင်လည်း ကိုယ်ကျိုးစွန့်အနစ်နာခံကာ ကြိုးပမ်းပါဝင်ခဲ့သည်။ ယနေ့ အမျိုးသားရေးဦးတည်ချက် အကောင်အထည်ဖော်ရာတွင်လည်း သမိုင်းပေးတာဝန်ကို မမှိတ်မသုန်ထမ်းဆောင်လျက်ရှိသည်။

တပ်မတော်၏အမျိုးသားရေး ဦးဆောင်ဦးရွက် အစဉ်အလာသည် မည်သည့်အဖွဲ့အစည်းနှင့်မျှ မနှိုင်းယှဉ်လောက်အောင် မြင့်မားကြီးမားခဲ့သည်။ တပ်မတော်သည် နိုင်ငံတော်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် အစဉ်တစိုက်ဦးဆောင်ခဲ့သည့် အဓိက မောင်းနှင်အားကြီးပင်ဖြစ်သည်။ နိုင်ငံတော်၏ ဦးဆောင်အဖွဲ့အဖြစ် အစဉ်တစိုက် ရပ်တည်နိုင်ခဲ့သည်။ နိုင်ငံတော်၏ လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပေးနိုင်သော အဖွဲ့အစည်းအဖြစ် ပြည်သူများက သတ်မှတ်အားကိုးထားကြသည့် အဖွဲ့ကြီးပင်ဖြစ်သည်။ တပ်မတော်ကြီး စတင်ထူထောင်ခဲ့သည့် ရည်မှန်းချက်မှာ လွတ်လပ်ရေးရယူပေးရန်နှင့် လွတ်လပ်ရေး ခိုင်မာတည်တံ့စေရန်အတွက် အစဉ်တစိုက် ကာကွယ်စောင့်ရှောက်သွားရန်ဖြစ်ရာ တပ်မတော်သည် စတင်ထူထောင်စဉ် ကာလကပင် အမျိုးသားရေး အဖွဲ့အစည်းကြီးဖြစ်ခဲ့သည်။

ပြည်သူများ ကောင်းစားရေး၊ ပြည်သူ့အကျိုးသယ်ပိုးရေး၊ ပြည်သူတစ်ရပ်လုံး၏ ကောင်းကျိုးချမ်းသာကို ရှေးရှုလုပ်ဆောင်ရေးတို့ကို ဦးထိပ်ပန်ဆင်၍ အစဉ်တစိုက် ကြိုးပမ်းခဲ့သည့် အမျိုးသားရေးအင်အားစုကြီးမှာ တပ်မတော်ပင်ဖြစ်သည်။ တပ်မတော်ကို စတင်ထူထောင်ကြသူများ မှာလည်း ထိုခေတ်၊ ထိုအခါက လွတ်လပ်ရေးလှုပ်ရှားမှုတွင် အတက်ကြွဆုံး၊ အပြင်းထန်ဆုံး ပါဝင်ခဲ့ကြသည့် မျိုးချစ်စိတ်အထက်သန်ဆုံး၊ အတွေးအခေါ် အယူအဆ အရဲရင့်ဆုံး၊ အပြတ်သားဆုံးပုဂ္ဂိုလ်များဖြစ်ရာ မျိုးချစ်တပ်မတော်အဖြစ် သန္ဓေတည်ပေါက်ဖွားလာခဲ့ခြင်းပင်ဖြစ်သည်။

ယနေ့မျက်မှောက်ကာလ တပ်မတော်ကို ဦးဆောင်ဦးရွက်ပြုလျက်ရှိသည့် တပ်မတော်ခေါင်းဆောင်များမှာလည်း သမိုင်းပေးတာဝန်ကို လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ကြသည့် မျိုးချစ်တပ်မတော်သားများပင် ဖြစ်သည်။ သမိုင်းကြောင်း အစဉ်အလာကောင်းသော တပ်မတော်၏ ခေါင်းဆောင်ကောင်းများပင်ဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထုထည်ကြီးမားစွာ ရပ်တည်နိုင်ရန် ကြိုးပမ်းခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့နှင့် အဖွဲ့ငယ်များစွာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည်။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အထူးဒေသကြီး (၂၄)ခုစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်ခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကိုလည်း ချမှတ်ကာ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင် နေ့မအား၊ ညမနား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ယခုအခါ နယ်စပ်ဒေသအပါအဝင် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းလျက်ရှိပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို မျက်ဝါးထင်ထင် တွေ့မြင်ကြရပြီဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှု၏ ရလဒ်ကောင်းများကိုလည်း တစ်နိုင်ငံလုံးတွင် လက်ညှိုးထိုးမလွဲ တွေ့မြင်နိုင်ကြပြီဖြစ်သည်။

ယခုအခါ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုခဲ့ပြီးဖြစ်သည်။ လာမည့် ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲများကျင်းပကာ မူဝါဒလမ်းစဉ် (၇)ရပ်အတိုင်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ရာ ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ပေါက်ရေးမှာ မဝေးတော့ပြီဖြစ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ် (၇)ရပ် ပြီးမြောက်အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်သကဲ့သို့ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူထားရှိသော တပ်မတော်ကလည်း အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမည်သာဖြစ်သည်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲချေမှုန်းသွားရန် လိုအပ်သကဲ့သို့ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေးကိုလည်း မမှိတ်မသုန် ရှေးရှု၍ မဖြစ်မနေ အကောင်အထည်ဖော်သွားရန် အရေးကြီးလှပါကြောင်း ရေးသားလိုက်ရပေသည်။ ။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ် (၇)ရပ် ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူထားရှိသော တပ်မတော်ကလည်း အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားမည်သာဖြစ်. . .

နေပြည်တော်မြန်မာ့အသံ

(တနင်္ဂနွေနေ့- နံနက်+နေ့လယ်+ည) (၃၀-၃-၂၀၀၉)

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း ကြေညာချက်
၇း၀၅	တရားတော်(ဓဇဂ္ဂသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၉း၀၀	အစီအစဉ်ပြီး၏။
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	လယ်ယာစီးပွား (ယူရီးယားမြေသြဇာ ထိရောက်စွာသုံးစွဲနည်း)
၁၀း၅၅	တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	မေတို့တွက်တာအလှကမ္ဘာ (ခြေထောက်လေးတွေ ရှင်းသန့်လှပနေစေရန်)
၁၁း၂၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	သိပ္ပံပညာသိကောင်းစရာ (ကျန်းမာရေးအတွက် လမ်းလျှောက်ခြင်းအရေးပါမှု)
၁၁း၄၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် (အလုပ်အကိုင်အခွင့်အလမ်း)
၁၂း၁၀	တေးပဒေသာ
၁၂း၃၀	အားကစားသတင်းပဒေသာ
၁၂း၅၀	နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၂၀	ဆောင်းပါး (ဝန်တိုမစ္ဆရိယ)
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	သန်စွမ်းကျန်းမာကိုယ်ခန္ဓာ(နှုပ်ျ ကျန်းမာဖော်မြူလာ)
၅း၁၀	ဇာနည်စစ်သည်တေးပန်းချီ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ညနေခင်းတေးပဒေသာ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွေးသီ တေးပန်းချီ တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၀၅	ရေဒီယိုအတိုတ်တေးအရိပ် နိုင်ငံရေးဦးတည်ချက်
၇း၂၅	ပြုံးပဒေသာ
၇း၄၀	တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	ချမ်းမြေ့သာယာ သီရိဂေဟာ (ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ကိုကိုလင်းမောင်နှင့်မခိုင်ဇင်ဝင့်ရှိန်တို့ဇနီးမောင်နှံ) စီးပွားရေးဦးတည်ချက်
၉း၀၀	တေးပဒေသာ
၉း၁၅	သီချင်းကြီး လူမှုရေးဦးတည်ချက်
၉း၃၅	ခံစားနားဆင်မြန်မာတေးသံစဉ် တေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

ချောက်မြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၂၈

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ ဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲများကို ဧပြီ ၅ရက်နံနက် ၁၀နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ဗဟန်းကြားတောရလမ်းမကြီးပေါ်ရှိ တရားရုံးချုပ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ရောက် ချောက်မြို့နယ်သူ၊ မြို့နယ်သားများ၊ အသင်းဝင်များအားလုံးနှင့် စိတ်ပါဝင်စားသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန် နိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယမန်နေ့ နံနက် ၇နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ရှေးဦးစွာ တိုင်းမှူးသည် စစ်ရေးပြစစ်ကြောင်း၏ အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် တိုင်းမှူး၊ စစ်ရေးပြစစ်ကြောင်းနှင့် ဧည့်ပရိသတ်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြသည်။

ဆက်လက်၍ စစ်ရေးပြစစ်ကြောင်းမှ တပ်မတော်သားများက သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် တိုင်းမှူးက ၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်း ပြောကြားသည်။

ယင်းနောက် တိုင်းမှူးက ၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့်စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိကြသော အရာရှိအရာခံ၊အကြပ်၊တပ်သားတို့အား လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်ရေးပြအခမ်းအနား၌ ဆုများရရှိကြသော စစ်ရေးပြတပ်ခွဲများအား လည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော်စစ်သမိုင်းပြတိုက် (ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၉ မှ ၄-၄-၂၀၀၉)

(ရဟန်းရှင်လူပြည်သူများအား အခမဲ့ဖွင့်လှစ်ပြသသွားပါမည်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၅)အမှတ် (၁၃)ဖြန့်ချိ

ရန်ကုန် မတ် ၂၈

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၅)အမှတ် (၁၃)၌ ရဲကျော်စွာအောင်ကျော်မြင့်(ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာန)နှင့် ဖလားဝါးနယူးစ်တို့တွေ့ဆုံမေးမြန်းခြင်း အင်တာဗျူး ဆောင်းပါးနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီပြန်ကြားရေးဝန်ကြီး ရန်ကုန်မီဒီယာဂရု(ပ်)သို့ လာရောက်လေ့လာ၊ အသတ်ခံခဲ့ရသောဆယ်ကျော်သက်အရွယ် အမေရိကန်သူလေးအတွက် ကျန်ရစ်သူမိသားစုက နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသတွင် သူ့အမည်ဖြင့် စာသင်ကျောင်းတစ်ကျောင်းလှူဒါန်းမည်၊ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက်ရှိ မြို့ရွာများ မန္တလေး FM မကြာမီဖမ်းယူနိုင်တော့မည်၊ မပုပ်မသိုးဖြစ်တည်နေသည့် တန်ခိုးကြီးဆရာတော်သုံးပါး၏ ရုပ်ကလာပ်တော်များ တစ်ပြိုင်တည်း ဖူးမြော်နိုင်၊ ဆည်မြောင်း တည်ဆောက်မှုနည်းပညာသင်တန်းများ မြန်မာနိုင်ငံတွင် မန္တလေးတိုင်း၌ ပထမဆုံးအဖြစ် ဖွင့်လှစ်မည်၊ ကြက်ဥမြွေဆိပ်ဖြေဆေး တိရစ္ဆာန်နှင့် ပထမအဆင့် စမ်းသပ်အောင်မြင်၊ ခရီးစဉ်အလိုက် တက္ကစီမီတာခ ကျသင့်သည့်အနီးဆုံးနှုန်းထား ဖော်ပြထားသောဘုတ်များ ရန်ကုန်မြို့နေရာ ၃၀တွင်လိုက်လံတပ်ဆင်မည် စသည့် ပြည်တွင်းရေး ရာသတင်းများနှင့်အတူ သူ့ဘဝသူ့ဒဿန 'ဒီအလုပ်က မချမ်းသာတောင်မှ မငတ်ပါဘူး' ကိုအောင်ကိုလတ်(ဆံပင်ညှပ်ဆရာ)နှင့် စကားလက်ဆုံ၊ တစ်ပတ်စာ အရသာသစ် 'B.B.Q Pork Remen (တုန်းကိုးစွပ်ချားရှုံးလမယ်)၊ 'ကြွယ်ဝသောနှလုံးသားပိုင်ရှင်'နှင့် 'သရီးဒီသာလုပ်ရသောနိုင်ငံခြားသားလုပ်သားများနှင့် တောင်ကိုရီးယား' ရှုမြင်သုံးသပ်ဆောင်းပါးများနှင့်အတူ ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

ဘားရတ်အိုဘားမားရေး၍ ကိုကို(စက်မှုတက္ကသိုလ်)ဘာသာပြန်ဆိုထားသော 'အဖေ့ဆီက အိမ်မက်များ(၁၈)'၊ 'နိုင်ငံရေးစိုးရွံ့ထိတ်လန့်နေရမှုကနေ ရှောင်ရှားလိုပါတယ်' ဇာတိမြေလုံခြုံရေးဝန်ကြီး ဂျနက်နာပိုလီတာနို နှင့် စပီဂဲလ်တို့တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ မလေးရှားနိုင်ငံ၏ ကမ္ဘာပေါ် မှ တစ်ခုတည်းသောဆေးရုံတွင် နို့စို့အရွယ် အော်ရန်အူတန်လူဝံလေးများ ပြုစုစောင့်ရှောက်၊ ဂျူးလူမျိုး ၈၀၀၀ခန့် သတ်ဖြတ်မှုတွင်ပါဝင်ခဲ့သည့် နာဇီအစောင့်စစ်သားဟောင်းအား အမေရိကန်ပြည်ထောင်စုက ဩစတြေးလျသို့ နယ်နှင်ဒဏ်ပေး၊ ဘားရတ်အိုဘားမားကို အာနိုးကူညီမည် စသည့် နိုင်ငံတကာထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေး သုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House မှ တစ်ပြည်လုံးဖြန့်ချိလိုက်ပြီ ဖြစ်သည်။ (သတင်းစဉ်)

ဝန်ကြီး ဒေါက်တာကျော်မြင့်အား မလေးရှားဧည့်သည်တွေ့ဆုံ

ရန်ကုန် မတ် ၂၈

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား မလေးရှားနိုင်ငံ မာစီမလေးရှားအလုပ်အမှုဆောင်အဖွဲ့ဝင် Mdm.Raja Rizaနှင့် အဖွဲ့ဝင်များသည် မတ် ၂၇ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ အဆောက်အအုံခန်းမ၌ လာရောက်တွေ့ဆုံပြီး မုန်တိုင်းသင့်ဒေသ ဧရာဝတီတိုင်းအတွင်းရှိ ကျန်းမာရေးဌာန အဆောက်အအုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ တည်ဆောက်ရေးအတွက် စီမံကိန်းချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ညှိနှိုင်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ပြုံးကြည်၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွှန့်စိန်၊ ဒေါက်တာကြီးမြင့်နှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇေယျာရွှေမြေ F.Cအသင်း ကမ္ဘောဇမှအောင်မိုးအား ခေါ်ယူစာချုပ်

ဇေယျာရွှေမြေF.Cတွင် ကစားမည့် အောင်မိုး စာချုပ်ချုပ်ဆိုနေစဉ်။

ရန်ကုန် မတ် ၂၈

မြန်မာနေရှင်နယ်လိဂ် ကစားသမားများ၏အပြောင်းအရွှေ့စာချုပ် လက်မှတ်ရေးထိုးခြင်း စတုတ္ထနေ့ကို ယနေ့ မွန်းလွဲပိုင်းက သုဝဏ္ဏရှိ Goalဟိုတယ်၌ ကျင်းပရာ စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာရွှေမြေF.C က ကစားသမား တစ်ဦးအား လာရောက် စာချုပ်ချုပ်ဆိုခဲ့သည်။

ဇေယျာရွှေမြေ F.C မှာ ကမ္ဘောဇအသင်းမှ တောင်ပံကစားသမား အောင်မိုးကို လက်မှတ်ထိုးကြေးငွေကျပ်သိန်း ၃၀၊ လစာငွေကျပ် ငါးသိန်းဖြင့် စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။ အောင်မိုးမှာ ဇေယျာရွှေမြေအသင်းမှ ခေါ်ယူစာချုပ်ခဲ့သော ၁၉ဦးမြောက် ကစားသမားဖြစ်ပြီး နာမည်ကြီး ကစားသမားတစ်ဦးအပါအဝင် လူငယ်ကစားသမားအချို့ကိုလည်း ထပ်မံစာချုပ်ချုပ်ဆိုရန်ရှိကြောင်းသိရသည်။ အဆိုပါလက်မှတ်ရေးထိုးပွဲကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်၊ မြန်မာနေရှင်နယ်လိဂ်တာဝန်ခံ ဦးတင်အောင်(ဂိုး)တို့ တက်ရောက်၍ လက်မှတ်များရေးထိုးပေးခဲ့ပြီး ဇေယျာရွှေမြေF.Cမှ အထွေထွေမန်နေဂျာ ဦးနီပေါ်၊ အုပ်ချုပ်သူ ဦးမြင့်သိန်းနှင့် နည်းပြ ဦးအောင်နိုင်တို့ တက်ရောက်ခဲ့ကြသည်။

ဇေယျာရွှေမြေ F.Cမှ အထွေထွေမန်နေဂျာ ဦးနီပေါက မိမိတို့အသင်းမှာ ကစားသမား ၁၉ဦး စာချုပ်ချုပ်ဆိုပြီးသွားပြီဖြစ်ကြောင်း၊ နောက်ထပ်ကစားသမား ခြောက်ဦးလောက် ထပ်မံခေါ်ယူရန်ရှိကြောင်း၊ လေ့ကျင့်မှုကို ဧပြီပထမပတ်တွင် စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ လူငယ်အသင်းဖွဲ့စည်းရန် စစ်ကိုင်းတိုင်းအတွင်း ပြိုင်ပွဲတစ်ပွဲပြုလုပ်ရန် စီစဉ်နေပါကြောင်းဖြင့် ပြောကြားသွားသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မေ ၁၆ရက်တွင် စတင်ကျင်းပမည့် မြန်မာနေရှင်နယ်လိဂ်ဖလား ဘောလုံးပြိုင်ပွဲ ပွဲစဉ် မဲနှိုက်ရေးဆွဲခြင်းကို ဧပြီ ၁၀ရက်တွင် ဆီဒိုးနား ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲကို အသင်းရှစ်သင်းစလုံး ပတ်လည်စနစ်ဖြင့် ကစားပြီး အမှတ်အများဆုံး နှစ်သင်း ဗိုလ်လုရမည်ဖြစ်သည်။ ပြိုင်ပွဲကို မေ ၁၆ရက်မှ ဇူလိုင် ၅ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ဂျပန်-မြန်မာ စေတနာရှင်များ ဝဲလောင်ဆေးရုံသို့ လူနာတင်ယာဉ်လှူ

ရန်ကုန် မတ် ၂၈

မန္တလေးတိုင်း တောင်သာမြို့နယ် ဝဲလောင်ဆေးရုံသို့ ဂျပန်နိုင်ငံရှိ Iberaki Prefecture ဒေသမှ စေတနာရှင်များ၊ Tokyo Myanmar Association နှင့် မြန်မာနိုင်ငံရှိ Myanmar PLG Travels & Trading Co.,Ltd. တို့ပူးပေါင်း၍ တိုယိုတာ လူနာတင်မော်တော်ယာဉ်တစ်စီးလှူဒါန်းသဖြင့် ဝဲလောင်ဆေးရုံ ကျန်းမာရေးအထောက်အကူပြုကော်မတီက အလှူရှင်အဖွဲ့အစည်းများအား ဂုဏ်ပြုပွဲကို မတ် ၁၇ ရက်တွင် ဝဲလောင်ဆေးရုံ၌ ကျင်းပခဲ့ရာ Myanmar PLG Travels & Trading Co.,Ltd. မှ MD ဦးညဏ်လင်းနှင့် ဇနီးတို့က ဂုဏ်ပြုမှတ်တမ်းလွှာများကို လက်ခံရယူခဲ့ကြောင်းသိရသည်။ (ကြေးမုံ)

ဒေါက်တာဇော်မိုးအောင်တို့က ငွေကျပ်လေးသောင်း၊ ဦးစောနိုင်၊ ဒေါ်အေးအေးဝင်း (ပုလဲမြန်မာလက်မှုအနုပညာ)တို့က FEC ၁၀၀တို့ကို ပေးအပ် လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုလွှာများပြန်လည်ပေးအပ်လိုက်ကြောင်းသိရသည်။ (၀၄)

မတ် ၂၈ ရက်က တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် တာမွေကြီး (ခ) ရပ်ကွက် မချစ်တီးလမ်းတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများဖြစ်သော ခြင်ထောင်ဆေးစိမ်ခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ဖုံးသွန်လဲစစ်လုပ်ငန်း ဆောင်ရွက်ခြင်းများကို ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ဆန်းကြွယ်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။ (၀၈)

မယန်စွမ်းသူများအသင်း ရုံးခန်းသစ် စမ်းချောင်း၌ဖွင့်

ရန်ကုန် မတ် ၂၈

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ရုံးခန်းသစ်ဖွင့်ပွဲကို အသင်းတည်ရာ စမ်းချောင်းမြို့နယ် ကျွန်းတောတောင်ရပ်ကွက် ညောင်တုန်းလမ်း အမှတ်(၅၁) မြေညီထပ်တွင် ယနေ့ နံနက်ပိုင်း ကကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ရုံးခန်းသစ်ကို ညွှန်ကြားရေးမှူးချုပ်၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေး၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)၊ ဦးမြတ်ဦး (ဘောဇိုင်ဖိုက်တာ)၊ ဦးတင့်လွင်(ဥက္ကဋ္ဌ၊ စမ်းချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)တို့က ရုံးခန်းသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ဆက်လက်၍ ရုံးခန်းသစ်ဆိုင်းဘုတ်အားမြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းအတွင်းရေးမှူး ဦးအေးကိုကိုက ဆိုင်းဘုတ်သစ်လိုက်ကာဖဲပြားကို ကြိုးဖြင့်ဆွဲ၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ အလှူငွေများပေးအပ်ပွဲကို ကျင်းပရာ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)ဗန္ဓုလက ငွေကျပ်တစ်သိန်း၊ဦးမြင့်အောင်၊ဒေါက်တာရင်ရင်တို့ကငွေကျပ်တစ်သိန်း၊ ဦးမြတ်ဦး (ဘောဇိုင်ဖိုက်တာ)က ငွေကျပ်သိန်း ၂၀၊ဦးတင်းတိုးနှင့် ဦးမျိုးထွန်းတို့က ငွေကျပ်သုံးသောင်း၊ ဦးကိုလွင်နှင့် ဦးခင်မောင်သန်းအေးတို့က ကွန်ပျူတာတစ်စုံ၊ဒေါက်တာမိုက်၊

မီးဘေးရှောင် မလောင်ခင်တား

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ပြည်နယ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် မတ် ၂၈

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၏ ပြည်နယ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၉ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်၊ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စက်ခလုတ်နှိပ် ဖွင့်လှစ်

မတ် ၂၇ ရက်က နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့် နေပြည်တော်ရေပန်းဥယျာဉ် (တိုးချဲ့) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော်ရှိ တပ်မတော်ပန်းခြံနှင့် ရင်ပြင်တွင် ရောင်စုံပန်းအလှပင်များ၊ ရောင်စုံမီးဆိုင်းများ၊ ရေပန်းများဖြင့် လှပဝေဆာလျက်ရှိ

နေပြည်တော် မတ် ၂၈

၂၀၀၉ခုနှစ် (၆၄) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းကြီးအတွင်းရှိ တပ်မတော်ပန်းခြံနှင့် ရင်ပြင်ကို အများပြည်သူများ လေ့လာကြည့်ရှုအပန်းဖြေနိုင်ရန် ယနေ့နံနက်ပိုင်းမှ စတင်၍ ဖွင့်လှစ်ထားရှိသည်။

တပ်မတော်ပန်းခြံနှင့် ရင်ပြင်တွင် ရောင်စုံပန်းအလှပင်များ၊ ရောင်စုံမီးဆိုင်းများ၊ ရေပန်းများဖြင့် လှပဝေဆာလျက်ရှိသည်။ အဆိုပါ တပ်မတော်ပန်းခြံနှင့် ရင်ပြင်ကို မတ် ၃၁ ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ ည ၁၀ နာရီ အထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မတ် ၂၇ ရက်က ၂၀၀၉ခုနှစ် (၆၄) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော်စစ်ရေးပြကွင်းကြီးအတွင်းရှိ တပ်မတော်ပန်းခြံနှင့်ရင်ပြင်တွင် ရောင်စုံပန်းအလှပင်များ၊ ရောင်စုံမီးဆိုင်းများနှင့် ရေပန်းများကို လှပဝေဆာစွာ တွေ့ရစဉ်။ (သတင်းစဉ်)

၂၀၀၉ခုနှစ် နေပြည်တော် နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်

နေပြည်တော် မတ် ၂၈

အားကစားဝန်ကြီးဌာနက ကြီးမှူး၍ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သော ၂၀၀၉ ခုနှစ် နေပြည်တော် နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ အမှာစကားပြောကြားကာ သင်တန်းများကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် အားကစားနှင့် ပညာရေးပေါင်းစပ်မှုဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နေပြည်တော်နှင့် နေပြည်တော်ပျဉ်းမနားရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ စုံညီစွာ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပြည်နယ်နှင့်တိုင်းများရှိ မြို့နယ်အသီးသီး၌ နှစ်စဉ် နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်ပေးနေရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းသားများ၊ နည်းပြဆရာများ ခံယူကျင့်သုံးကြရမည့် သဘောတရားများကို အကျယ်တဝင့် ရှင်းလင်းမှာကြားကာ သင်တန်းကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးက သရုပ်ပြဖျော်ဖြေပေးကြသော အထက(၁) နေပြည်တော် ဘင်ခရာအဖွဲ့နှင့် အထက(၁) နေပြည်တော်ပျဉ်းမနား ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့တို့အားလည်းကောင်း၊ မြန်မာ့သိုင်း၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ ဝူရှူး အစရှိသည့် အဖွဲ့ချုပ်များမှ သရုပ်ပြအဖွဲ့များအားလည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ နေပြည်တော်ပျဉ်းမနားမြို့နယ် ပညာရေးမှူးထံ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက သင်တန်းစခန်းများအဖြစ် ထားရှိဖွင့်လှစ်မည့် ကျောင်းများအား သင်တန်းအထောက်အကူပြု အားကစားပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူအသီးသီးက လက်ခံယူကြသည်။

ထို့နောက် သင်တန်းသားများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြပြီး မြန်မာ့သိုင်း၊ တိုက်ကွမ်ဒို၊ ကရာတေးဒိုနှင့် ဝူရှူးသရုပ်ပြအဖွဲ့များက အားကစားစွမ်းရည်များဖြင့် သရုပ်ပြတင်ဆက်ကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ၂၀၀၉ ခုနှစ် နေပြည်တော် နွေရာသီ အခြေခံအားကစားသင်တန်းများကို ယနေ့မှစ၍ ဧပြီ ၁၀ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

❖ ရွှေဖုံးမှ

ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများနှင့် ကမ္ဘာ့နိုင်ငံများ ရင်ဆိုင်လာရချိန်တွင် သဘာဝပတ်ဝန်းကျင်ကို စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်နိုင်မည့်စနစ်များကို ဖော်ထုတ်ရန် လိုအပ်ကြောင်း ဆွီဒင်နိုင်ငံ စတော့ဟုမ်းတက္ကသိုလ်မှ သုတေသီ ဗစ်တာဂါးလက်ဇ်က ပြောကြားသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာသတင်းအချက်အလက်များကို ပြည့်ပြည့်စုံစုံ ရရှိခြင်းဖြင့် အစိုးရအဖွဲ့၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် အထောက်အကူရရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်မှရရှိသော သတင်းအချက်အလက်များသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို မီးမောင်းထိုးပြနိုင်ကြောင်း၊ ဥပမာအားဖြင့် အာရှနိုင်ငံတစ်နိုင်ငံ၏ ပင်လယ်ဆိပ်ကမ်းရှိ ငါးလက်ကားရောင်းဝယ်ရေး ဒိုင်တစ်ခုတွင် ငါးဈေးတက်မှုသည် ပင်လယ်ငါးဖမ်းဆီးရမိမှု လျော့နည်းသည့်အခြေအနေကို ဖော်ပြပြီး ယင်းမှာ ပင်လယ်ငါး အလွန်အကျွံဖမ်းဆီးမှုပြဿနာကို ထင်ဟပ်နေကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

ကမ္ဘာတစ်လွှား ရောဂါဘယများဖြစ်ပွားမှုအခြေအနေကို အင်တာနက်မှတစ်ဆင့် လေ့လာစောင့်ကြည့်ကာ သုတေသနပြုလုပ်နေသော ကမ္ဘာ့ပြည်သူ့ကျန်းမာရေး ထောက်လှမ်းရေး ကွန်ရက်အဖွဲ့၏ အောင်မြင်မှုကို စံနမူနာပြုကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အင်တာနက်အခြေပြု သတင်းအချက်အလက် စုဆောင်းရေးအဖွဲ့မျိုး ထူထောင်သင့်ကြောင်း လေ့လာချက်၌ ရေးသားထားသည်။

အင်တာနက်။

အရေးပေါ်အသက်ကယ် ရှေးဦးပြုစုကုသခြင်း လက်တွေ့သင်တန်းဖွင့်

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)နှင့် Royal Australasian College of Surgeon တို့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ဆရာဝန်များအတွက် အရေးပေါ် အသက်ကယ် ရှေးဦးပြုစုခြင်း လက်တွေ့သင်တန်း (Primary Trauma Care Skill Training in Myanmar) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပရာ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဦးကျော်မြင့်နိုင်နှင့် Director of External Affairs (RACS), Ms. Daliah Moss တို့က အမှာစကား ပြောကြားကြသည်။

ယင်းသင်တန်းသို့ ဆေးတက္ကသိုလ်များမှ အရိုးအထူးကုဆရာဝန်များ၊ ခွဲစိတ်ဆရာဝန်များ၊ မေ့ဆေးဆရာဝန်များ၊ ကလေးအထူးကုဆရာဝန်များ၊ သားဖွားမီးယပ် အထူးကုဆရာဝန်များနှင့် အထွေထွေရောဂါကု ဆရာဝန်များ စုစုပေါင်း ၄၄ ဦးတို့ တက်ရောက်ကြသည်။ သင်တန်းတွင် ဆရာဖြစ်လက်တွေ့သင်တန်းပါဝင်ပြီး နောင်တွင် မြန်မာဆရာဝန်များဖြင့် ထပ်ဆင့်လေ့ကျင့်သင်ကြား ပို့ချနိုင်ရန်နှင့် နှစ်ရှည်စီမံကိန်းဖြင့် တစ်နိုင်ငံလုံးရှိ ဆရာဝန်များအား လွှမ်းခြုံလေ့ကျင့်ပေးမည့်အပြင် အခြားကျန်းမာရေးဝန်ထမ်းများ၊ ကျန်းမာရေးစေတနာ့ဝန်ထမ်းများကိုပါ အဆင့်ဆင့် လေ့ကျင့်သင်ကြားသွားရန် ရည်ရွယ်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပေါင်းလောင်းရေလှောင်ဆည်၏ ရေလွှဲမြောင်းမကြီးများ၊ ဆည်မြောင်းအဆောက်အအုံများ၊ ရေတံခါးများနှင့် သဲထုတ်တံခါးများ၊ ရေပေးမြောင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

လိုအပ်သည်များမှာကြား

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၅) ညွှန်ကြားရေးမှူးက ရေလှောင်ဆည်တည်ဆောက်ခဲ့မှု လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို မှာကြားကြသည်။

ပေါင်းလောင်းရေလှောင်တမံမှ ရေအားလျှပ်စစ်ထုတ်လုပ်ပြီး ထုတ်လွှတ်လိုက်သောရေများအပြင် နေပြည်တော်တပ်ကုန်းနှင့် နေပြည်တော်ပျဉ်းမနားမြို့နယ်တို့အကြား ရေဆင်းဧရိယာ စတုရန်းမိုင် ၆၀၀ မှ စီးဝင်လာသည့် ရေများကို ပေါင်းလောင်းရေလှောင်ဆည်ဖြင့် ထိန်းကာ လက်ဝဲ၊ လက်ယာ တူးမြောင်းစနစ်များ ပြီးစီးပါက နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် ရေတာရှည်မြို့နယ်တို့အတွင်း လယ်မြေ ဧက ၃၅၀၀၀ ခန့် စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။

ပေါင်းလောင်းရေလှောင်ဆည်သည် အရွယ်အစားအကျယ်ပေ ၃၀ × အမြင့် ၁၅ ပေရှိ သဲထုတ်ရေတံခါးနှစ်ပေါက်၊ ၄ ပေ × ၆ ပေ အရွယ်အစားရှိ ရေထိန်းတံခါးလေးပေါက်၊ ၆ ပေ × ၆ ပေအရွယ်အစားရှိ ရေထိန်းတံခါးတစ်ပေါက်ပါဝင်သော အိုဂီးပုံသံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။ အရှည် ၅၉ ဒသမ ၀၇ မိုင်ရှိ တူးမြောင်းမကြီးများ၊ အရှည် ၁၂၇ ဒသမ ၇၃ မိုင်ရှိ လက်တံမြောင်းများနှင့် တူးမြောင်းအဆောက်အအုံ ၉၂၂ခု ပါဝင်သည့် ရေသောက်စနစ် ဖြစ်သည်။ ယခုနှစ် နွေစပါးဧက ၁၀၀၀ ကို စိုက်ပျိုးရေစတင်ပေးဝေနေပြီဖြစ်သည်။

ပေါင်းလောင်းရေလှောင်ဆည်နှင့် ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းအားဖြင့် ဒေသတွင်းသီးနှံစိုက်ပျိုး ထုတ်လုပ်မှု တိုးတက်လာ၍ တောင်သူတစ်ဦးချင်း ဝင်ငွေတိုးလာသည်နှင့်အမျှ လူနေမှုအဆင့်အတန်း တိုးမြင့် လာမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ ပေါင်းလောင်းရေလှောင်ဆည်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရေနန် ငါး၊ ပုစွန်မျိုး စိုက်ထည့်ခြင်းနှင့် ကတ္တရာလမ်းသစ်များ ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်

နေပြည်တော် မတ် ၂၈

တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနနှင့် တိုင်းငါးလုပ်ငန်းအဖွဲ့ချုပ်၊ ရေလုပ်ငန်းကုမ္ပဏီများ၊ ရေလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်သော ရေနန်ငါး၊ ပုစွန်သားပေါက်များ မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို မတ် ၂၁ ရက်တွင် မြိတ်မြို့ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေး၌ ကျင်းပရာ အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရေလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ **(ဝဲပုံ)**

ငါးမျိုးစိုက်ထည့်ပေး

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရေနန်ပုစွန်သားပေါက်များနှင့် ကကတစ် ငါးသားပေါက်များအား ငါးလေလံဈေးအနီး ရေပြင်၌ ငါးမျိုးစိုက်ထည့်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် (၆၄)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဗိုလ်ဗထူးလမ်း ကတ္တရာလမ်းအပိုင်း(၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘုရားကိုးဆူလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများလိုက်ပါလျက် မြိတ်မြို့သစ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး ဆိပ်ခံတံတားနှင့် လူနေဆိုင်ခန်းများ တည်ဆောက်ရေးလုပ်ငန်းများ၊ အဝင်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများ၊ ကုန်တင်စက်လှေကြီးများ ဆိုက်ကပ်ရပ်နားမှုနှင့် ကုန်စည်စီးဆင်းမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့သစ်သို့ သောက်သုံးရေဖြန့်ဝေခြင်း ဆောင်ရွက်မည့် ကဘင်းရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆန်ကြိတ်ခွဲရေးဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းဖွင့်လှစ်

ရန်ကုန် မတ် ၂၈

နိုင်ငံတကာအဆင့်မီ အရည်အသွေးကောင်းဆန်များ ကြိတ်ခွဲထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်သော ဆန်ကြိတ်ခွဲရေးဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၀၉) ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ရန်ကုန်တိုင်းရုံး၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာ့ဆန်စပါးထုတ်လုပ် တင်ပို့ရောင်းချမှု အရည်အသွေးမြင့်မားပြီး ဈေးကောင်းရရှိရေးအတွက် ဆန်စပါး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ရေးနှင့် ဆန်ကြိတ်ခွဲမှု အဆင့်မြင့်မားရေးသည် အဓိကအရေးပါသည့် အချက်များဖြစ်ကြောင်း၊ စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ရေးအတွက် နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိသကဲ့သို့ ဆန်ကြိတ်ခွဲမှု အရည်အသွေးမြင့်မားရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ခေတ်မီစက်များ ထူထောင်ခြင်း၊ ခေတ်မီနည်းပညာများ အသုံးပြုဆောင်ရွက်ခြင်းတို့အတွက် အသင်းအဖွဲ့များက ဦးဆောင်ပြီး ဆန်စပါးလုပ်ငန်း ဦးဆောင်ကုမ္ပဏီကြီးများနှင့် ဆန်တင်ပို့ရောင်းချလျက်ရှိသည့် ကုမ္ပဏီများက ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ သို့ဖြစ်၍ မြန်မာ့ဆန် ပြည်ပတင်ပို့ရာတွင် ဂုဏ်သတင်းကောင်းမွန်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဖွင့်လှစ်ပို့ချမည်

အဆိုပါ သင်တန်းကို မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ ကျွမ်းကျင်သူ ပညာရှင်အရာရှိများ၊ အငြိမ်းစား ကျွမ်းကျင်သူအရာရှိများ၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ပို့ချပေးကြမည်ဖြစ်ပြီး ဆန်စပါးအထူးပြုကုမ္ပဏီကြီးများ၊ ဆန်ပြည်ပတင်ပို့နေသည့် ကုမ္ပဏီများ၊ ပြည်နယ်နှင့်တိုင်းများမှ ဆန်စက်လုပ်ငန်းရှင်များ အပါအဝင် သင်တန်းသား ၄၁ ဦးဖြင့် ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း ဆန်ကြိတ်ခွဲရေးဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၀၉) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ညောင်စာရေးတိုက်နယ်အသင်း (ရန်ကုန်)သို့ ထာဝရငွေပဒေသာပင်စိုက်ထူ

ရန်ကုန် မတ် ၂၈

ညောင်စာရေး တိုက်နယ်အသင်း (ရန်ကုန်)သို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် နာရေးကိစ္စများတွင် အသုံးပြုရန်အတွက် အမှတ် (၆၉၂) ပုလဲလမ်း (၃၆)ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်နေ ဦးတင်ဝင်း - ဒေါ်ခင်ဝါ မိသားစုက ထာဝရငွေပဒေသာပင် ငွေကျပ်တစ်သိန်းကို အသင်းဥက္ကဋ္ဌ ဦးတင်ညွန့်ထံ ပေးအပ်လှူဒါန်းသည်။ **(ဝဲပုံ)** လှူဒါန်းလိုပါက ဖုန်း- ၅၆၄၃၆၀ နှင့် ၀၉-၅၁ ၅၁၅၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

သဃ်န်းကျွန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ လူမှုရေးနှင့် သက်သာချောင်ချိရေး ငွေလှူဒါန်း

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ (သဃ်န်းကျွန်း) (၆၄) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုပွဲ၊ လူမှုရေးနှင့် သက်သာချောင်ချိရေးကဏ္ဍ ထောက်ပံ့ငွေပေးအပ်ခြင်း၊ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းခြင်းနှင့် (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို မတ် ၂၇ ရက် ညနေ ၆ နာရီက ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဗိုလ်မှူးချုပ်မျိုးမြင့်(ငြိမ်း)က အဖွင့်ဂုဏ်ပြုအမှာစကား ပြောကြားသည်။

လက်ခံယူ

ဆက်လက်၍ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ လူမှုရေးအသင်းအဖွဲ့များသို့ ထောက်ပံ့ငွေများ ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံယူကြသည်။

ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့သို့ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းရာ ဒေါ်ညွန့်ညွန့်စိန် မိသားစုက အလှူငွေကျပ် ငါးသောင်း၊ ဦးစန်းပွင့် မိသားစုက ငွေကျပ်ငါးသောင်း၊ SIP ရေသန့် ဦးဝေလင်းအောင်က ငွေကျပ် သုံးသောင်း၊ ဦးထွန်းနွဲ့နှင့် ဦးကျော်လွင်တို့က ငွေကျပ်တစ်သောင်းစီ လှူဒါန်းကြရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီး ခိုင်ကိုလွင်(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးတင်ယု(ငြိမ်း) နှင့် မြို့နယ်အလုပ်အမှုဆောင်များက လက်ခံယူကြပြီး **(အောက်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။ (၅၀၆)

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား Exim Bank ဥက္ကဋ္ဌနှင့်အဖွဲ့တွေ့ဆုံ

နေပြည်တော် မတ် ၂၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား Exim Bank ဥက္ကဋ္ဌ Mr. Li Ruo Gu နှင့် အဖွဲ့သည် မတ် ၂၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား Exim Bank ဥက္ကဋ္ဌ Mr.Li Ruo Gu နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (ဘဏ္ဍာ/အခွန်)

မိုးယွန်းကြီးဒေသ ဘဲမွေးမြူနည်းစနစ် ဇီဝလုံခြုံမှုမြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၂၈

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) နှင့် အီတလီနိုင်ငံ၊ တိရစ္ဆာန်ရောဂါ စူးစမ်းရှာဖွေလေ့လာရေးဌာန၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ်၏ ကြက်လည်လိမ်ရောဂါနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ကိုးကားဓာတ်ခွဲခန်း(Veterinary Institute -IZSVe)တို့၏ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေး သုတေသနနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ပဲခူးတိုင်း မိုးယွန်းကြီးဒေသ ဘဲမွေးမြူရေးစနစ် ဇီဝလုံခြုံမှုမြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၁ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီး၊ (FAO)မှ အကြီးတန်းပညာရပ်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Dr.Murray Maclean၊ FAO-EU Avian Influenza Expert - Dr.Alessandro Cristalli၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပဲခူး၊ ဒိုက်ဦး၊ ဝေါ၊ သနပ်ပင်မြို့နယ်တို့မှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ဗဟို)၊ ပဲခူးတိုင်းနှင့် သက်ဆိုင်ရာခရိုင်၊ မြို့နယ် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှ အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ကြက်၊ ဘဲ မွေးမြူရေးစနစ်များနှင့် ဇီဝလုံခြုံမှု မြှင့်တင်ခြင်း၊ ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ် (National Active Surveillance Plan)၊ မိုးယွန်းကြီးဒေသ ဘဲမွေးမြူနည်းစနစ်၊ ဇီဝလုံခြုံမှုတိုးမြှင့်ရေးနှင့် မွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (သတင်းစဉ်)

ကွမ်းခြံကုန်းမြို့ သုံးပန်လှလမ်း ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် မတ် ၂၈

၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသွားသော ကွမ်းခြံကုန်းမြို့ သုံးပန်လှလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၄ ရက်တွင် အဆိုပါလမ်းရှိ မုခ်ဦး၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးက လမ်းဖြစ်မြောက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်တင်ဝင်း၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကတ္တရာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းကတ္တရာလမ်းသစ်မှာ ထပ်ပိုးလွှာ အပါအဝင် အရှည် ၄၉၅ ပေ၊ အကျယ် ၁၂ ပေရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

IBTC Co., Ltd. ၏ ထုတ်ကုန်ပစ္စည်းထုပ်ပိုးမှု ပုံစံအသွင်သစ် မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၂၈

IBTC Co.,Ltd.၏ Grand Royal ထုတ်ကုန်ပစ္စည်းထုပ်ပိုးမှု ပုံစံအသွင်သစ် မိတ်ဆက်ရှင်းလင်းပွဲကို မတ် ၁၈ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနား ဟိုတယ်၌ ကျင်းပရာ IBTC Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ အရောင်းကိုယ်စားလှယ်များ၊အနုပညာရှင်များနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ IBTC Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က IBTC Co., Ltd.က ထုတ်လုပ်သည့် Grand Royal ထုတ်ကုန်ပစ္စည်းအား နိုင်ငံတကာ စံချိန်မီထုပ်ပိုးမှုပုံစံနှင့် လှပသေသပ်သည့်အသွင်သစ်ကို သင့်တင့်မျှတသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်စေရန်၊ အခြားထုတ်ကုန်များနှင့် ကွဲပြားခြားနားမှုရှိစေရန်နှင့် ပြည်တွင်းဈေးကွက်တွင် ဆန်းသစ်တီထွင်သူအဖြစ် ပုံရိပ်ကို တည်ဆောက်နိုင်စေရန်ဟူသည့် ရည်ရွယ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။ **(ဝဲပုံ)**

ယင်းနောက် ထုတ်ကုန်ပစ္စည်းနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ညစာဖြင့် တည်ခင်းဧည့်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၃-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ **ကာတွန်းအစီအစဉ် - ဂြိုဟ်ကမ္ဘာမှသတ္တဝါများ (အပိုင်း-၁၀)**
၁၂း၀၀ ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် - လရောင်ဆန်းမှ ပွင့်သောပန်း**
၁း၃၀ ၆။ ကျန်းမာသုတ
၁း၄၅ ၇။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - မောင်နဲ့သာဆိုရင် (အပိုင်း-၃၄)**
၂း၄၅ ၈။ အပိတ်နှုတ်ဆက်စကား
၂း၅၀ ၉။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၄၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၉။ နိုင်ငံတကာသတင်း
၆း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၅ ၁၂။ ကမ္ဘာ့အံ့ဖွယ်မျက်လှည့် ပညာရှင်များ
၇း၀၀ ၁၃။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - ကျွန်တော့်ချစ်သူ (အပိုင်း-၁၇)**
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြား သတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -နှလုံးသားအလှ သစ္စာတရား (အပိုင်း-၃၈)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

ဖီဖာမှ လာရောက်ဖွင့်လှစ်သည့် Marketing Workshop သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၂၈

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)မှ မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများအတွက် လာရောက်ဖွင့်လှစ်ပေးသည့် Marketing Workshop သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၂၅ ရက်က မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တည်ရှိရာ Goal ဟိုတယ်၌ ကျင်းပသည်။

သင်ကြားပေး

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ဖီဖာမှသင်တန်းနည်းပြဆရာများအား အမှတ်တရလက်ဆောင်ပေးအပ်သည်။ ထို့နောက် တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား၊ သင်တန်းသူများ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ **(အောက်ပုံ)**

အဆိုပါ Marketing Workshop ကို မတ် ၂၃ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်ပေးခဲ့ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)မှ Development Officer- Jeysing Muthiah (မလေးရှား)နှင့် Instructor EMy Casaletti (တောင်အာဖရိက) အဖွဲ့က လာရောက်သင်ကြားပေးခဲ့ခြင်း ဖြစ်သည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်စဉ်။

အလွတ်တန်း ဖူဆယ်ပြိုင်ပွဲ ဖွင့်လှစ်

ရန်ကုန် မတ် ၂၈

၂၀၀၉ခုနှစ် အမျိုးသားအလွတ်တန်း ဖူဆယ်ဖိတ်ခေါ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကိုယနေ့နံနက်၉နာရီကတောင်ဥက္ကလာပ မြို့နယ်ရှိ ပဒေသာအားကစားရုံ၌ ကျင်းပသည်။

အဖွင့်အမှာစကား ပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။ ပြိုင်ပွဲကို မတ် ၂၈ ရက်မှ ဧပြီ ၁၁ ရက် အထိ ကျင်းပသွားမည်ဖြစ်ပြီး အသင်းပေါင်း ၂၃ သင်းဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အုပ်စု (က)တွင် စူပါဝမ်း ယူနိုက်တက်အသင်း၊ ဘောက်ထော်လူငယ်အသင်း၊ ဇော် ယူနိုက်တက်အသင်း၊ ဆုံစည်းရာအသင်း၊ ငွေးမိသားစု (က)အသင်း၊ PNCT အသင်း၊ အုပ်စု (ခ)တွင် UPT အသင်း၊ Phoenix အသင်း၊ SS F.C အသင်း၊ တာမွေသားအသင်း၊ United Tempo အသင်း၊ စမ်းချောင်းလူငယ်အသင်း၊ အုပ်စု(ဂ)တွင် B.T.T အသင်း၊ စိန်ပေါလ်အသင်း၊ New Legend အသင်း၊ လင်းစဒေါင်းအသင်း၊ သုမေ္ဓာလူငယ်အသင်း၊ ငွေးမိသားစု(ခ)အသင်း၊ အုပ်စု(ဃ)တွင် MCBA အသင်း၊ UPT လူငယ်အသင်း၊ ရွှေတံခွန်အသင်း၊ United KKN အသင်းနှင့် ရေစက်မိသားစုအသင်းတို့ပါဝင်ကြသည်။ အုပ်စုပွဲစဉ်များကို မတ်၂၈ ရက်မှ ဧပြီ ၆ ရက်အထိ၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဧပြီ ၈ရက်၊ အကြိုဗိုလ်လုပွဲစဉ်များကို ဧပြီ ၉ရက်နှင့်ဗိုလ်လုပွဲ ပွဲစဉ်ကို ဧပြီ၁၀ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ ဆုကြေးများအဖြစ် ပထမ ငွေကျပ် ၁၅ သိန်း၊ ဒုတိယငွေကျပ်၁၀သိန်း၊ တတိယ ငွေကျပ် ငါးသိန်းတို့ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

အချိန်အခါမဟုတ် မိုးရွာမည့် သတိပေးချက်

နေပြည်တော် မတ် ၂၈

ယနေ့မြန်မာစံတော်ချိန်၁၁နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေဖိအားနည်းချိုင့်ဝှမ်းများ၏အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မိုးရွာစဉ် လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့်အတူ ခေတ္တမျှအနောက်မြောက်ဘက်မှလေပြင်းများ တစ်နာရီ ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် မတ် ၂၈

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းတွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင်တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ပဲခူးတိုင်းတွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိသည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် သာယာဝတီမြို့တို့တွင် ၄၀ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ဟုမ္မလင်းမြို့တွင် သုညဒသမ ၆၄ လက်မ၊ မိုင်းဆတ်မြို့တွင် သုည ဒသမ ၄၇ လက်မ၊ ထားဝယ်မြို့တွင် သုည ဒသမ ၂၄လက်မနှင့် ပင်လောင်းမြို့တွင် သုညဒသမ ၂၀ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မတ် ၂၉ရက် ညနေထိ ခန့်မှန်းချက်။ ။ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၆ဒသမ ၅ဒီဂရီစင်တီဂရိတ်	(၉၈ဒီဂရီဖာရင်ဟိုက်)	၂၇-၃-၂၀၀၉

အနိမ့်ဆုံးအပူချိန်

၂၁ဒသမ ၅ဒီဂရီစင်တီဂရိတ်	(၇၁ဒီဂရီဖာရင်ဟိုက်)	၂၈-၃-၂၀၀၉
၀၉း၃၀နာရီအချိန် စိုထိုင်းဆ	၇၉ရာခိုင်နှုန်း	၂၈-၃-၂၀၀၉
နေပူသည့်နာရီပေါင်း	၉ဒသမ ၈နာရီခန့်	၂၇-၃-၂၀၀၉

(၅၁)ကြိမ်မြောက် မဟာသင်္ကြန် ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းတို့က ကြီးမှူး၍ Kaung Myat Companies (KM Golf Center)က အဓိကကူညီပံ့ပိုးမည့် ၂၀၀၉ ခုနှစ် (၅၁)ကြိမ်မြောက် မဟာသင်္ကြန် ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၃ ရက်မှ ၁၅ ရက်အထိ မန္တလေးတိုင်း ပြင်ဦးလွင်ဂေါက်ကွင်း၌ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး အဆင့် ကလပ်အသင်းလိုက်ပြိုင်ပွဲ၊ ရွှေအဆင့် တစ်ဦးချင်းပြိုင်ပွဲ၊ ငွေအဆင့်တစ်ဦးချင်း ပြိုင်ပွဲ၊ ကြေးအဆင့် တစ်ဦးချင်းပြိုင်ပွဲ၊ သက်ကြီးတန်းပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲနှင့် ပြင်ဦးလွင် တံခွန်စိုက်ဖလားပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဆုများအနေဖြင့် အသင်းလိုက်ပထမနှင့် ဒုတိယဆုများ၊ ရွှေ၊ ငွေ၊ ကြေးအဆင့် တစ်ဦးချင်းပြိုင်ပွဲ ပထမမှ ဒသမအထိ ၁၀ဆု၊ အမျိုးသမီး ပြိုင်ပွဲတွင် ခုနစ်ဆု၊ သက်ကြီးတန်းပြိုင်ပွဲတွင် ၁၀ဆု၊ ပြင်ဦးလွင် တံခွန်စိုက် ဖလားပြိုင်ပွဲတွင် သုံးဆု အသီးသီး ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားတစ်မျိုးလျှင် ၂ရက် (၃၆)ကျင်းယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဆုရရှိသူ ဂေါက်သီးရိုက်အားကစားသမားများအား တစ်ဦးလျှင် ရုပ်တု (ဆုပစ္စည်းများနှင့် ဆုကြေးငွေ)များကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကာ ဆုပစ္စည်း တန်ဖိုးငွေကျပ် ၅၅သိန်းနှင့် ဆုကြေးငွေ တန်ဖိုးငွေကျပ် သိန်း ၅၀ဖြစ်၍ စုစုပေါင်း ငွေကျပ်သိန်း ၁၀၀ ချီးမြှင့်သွားမည်ဖြစ်သည်။

တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေအဆင့် အချက်ကျော သတ်မှတ်ချက်မှာ ၀ မှ ၁၂အထိ၊ ငွေအဆင့် အချက်ကျော သတ်မှတ်ချက်မှာ ၁၃မှ ၁၈အထိ၊ ကြေး အဆင့် အချက်ကျောသတ်မှတ်ချက်မှာ ၁၉မှ၂၄အထိဖြစ်ပြီး အသင်းလိုက်ပြိုင်ပွဲများတွင် တစ်သင်းလျှင် ပြိုင်ပွဲဝင် လေးဦး ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အကောင်းဆုံး သုံးဦး၏(အချက်ကျောမဲ့)ရိုက်ချက်ပေါင်းဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

တစ်ဦးချင်းပြိုင်ပွဲများတွင် (အချက်ကျောပေးစနစ်) ဖြင့် လည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲများတွင် (အချက်ကျောမဲ့စနစ်)ဖြင့်လည်းကောင်း သတ်မှတ်ထားသည်။ ပြင်ဦးလွင်တံခွန်စိုက်ဖလား ပြိုင်ပွဲတွင် (အချက်ကျော) စနစ်ဖြင့် အချက်ကျောသတ်မှတ်ချက်မှာ သုည မှ ၁၈ အထိ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

သင်္ကြန်ကာလသည် မန္တလေးတိုင်း ပြင်ဦးလွင်မြို့၌ ဧည့်သည်အလွန်များပြားပြီး တည်းခိုနေထိုင်ရေး ခက်ခဲသည့်ကာလဖြစ်သော်လည်း ပြိုင်ပွဲဝင် ဂေါက်သီးရိုက် အားကစားသမားများ အဆင်ပြေချောမွေ့စွာ တည်းခိုနိုင်ရေး အတွက် ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိ ပြင်ဦးလွင်မြို့ပေါ်ရှိ ဟိုတယ်နှင့် တည်းခိုခန်းများတွင် အခန်း ထက်ဝက်နှုန်းဖြင့် တည်းခိုနိုင်ရေး စီစဉ်ထားသည့်အပြင် ပြိုင်ပွဲဝင်တစ်ဦးလျှင် ငွေကျပ် သုံးထောင်နှင့်အထက် တန်ဖိုးရှိသော လက်ဆောင်ပစ္စည်းများကိုလည်း ချီးမြှင့်သွားမည်ဖြစ်သည်။

၂၀၀၉ခုနှစ် ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း၏ (၅၁)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက် အောင်မြင်ရေးအတွက် Kaung Myat Companies (KM Golf Centre) က ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိသော ဆုပစ္စည်းများဖြင့် ကူညီပံ့ပိုးထားသည်။

ယင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အသင်းများ၊ ဂေါက်သီးရိုက် အားကစားမောင်မယ်များသည် ဧပြီ ၁၀ ရက် နောက်ဆုံးထား၍ မန္တလေးတိုင်း ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း ဖုန်း- ၀၈၅- ၂၂၃၈၂၊ ၀၉-၂၀၄၄၇၁၅၊ ၀၉-၂၀၄၄၁၆၄ နှင့် ၀၉-၅၂၆၁၂၉၁ တို့သို့ ဆက်သွယ်ပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လီဗာပူးအသင်းမှ မိမိပိုင်ရှယ်ယာများအား ရောင်းချရန် တွမ်ဟစ်ကြိုးပမ်း

လီဗာပူး မတ် ၂၈

အမေရိကန်နိုင်ငံမှ ချမ်းသာကြွယ်ဝသူတစ်ဦးဖြစ်သည့် တွမ်ဟစ်သည် လီဗာပူးအသင်း၏ရှယ်ယာ ၅၀ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသူဖြစ်သည်။ ယခုအချိန်တွင် အမေရိကန်နိုင်ငံမှာ စီးပွားရေးကျဆင်းကျပ်တည်းမှုများနှင့် ရင်ဆိုင်နေရချိန်ဖြစ်သည်။ သို့အတွက်ကြောင့် အမေရိကန်နိုင်ငံသားတစ်ဦးဖြစ်သည့် တွမ်ဟစ်မှာလည်း ယင်းဂယက်၏ရိုက်ခတ်မှု အနည်းငယ်ရှိလာခဲ့ခြင်းကြောင့် ၎င်းပိုင်ဆိုင်သည့်ရှယ်ယာများအား ရောင်းချရန်ကြိုးပမ်းလာခြင်းဖြစ်သည်။

တွမ်ဟစ်သည် ၎င်းနည်းတူ အမေရိကန်သူဌေးတစ်ဦးဖြစ်သည့် ဂျီးလတ်နှင့်အတူ လီဗာပူးအသင်းအား ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလက ပေါင် ၂၁၉သန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ပိုင်ဆိုင်သည့် လီဗာပူးအသင်းမှာ ယခုနှစ်တွင် ဆုဖလားများရယူရန် မျှော်လင့်ချက်မှာ မှိန်ပျပျသာရှိနေသည်။ ***အင်တာနက်။***

လာမည့်နှစ်ဘောလုံးရာသီအကုန်တွင် ဖာဂူဆန်အနားယူဖွယ်ရှိ

မန်ချက်စတာ မတ် ၂၈

မန်ယူအသင်းနှင့်အတူ ဆုဖလားများရယူခဲ့သည့် နည်းပြကြီး ဆာအဲလက်ဖာဂူဆန်သည် လာမည့်နှစ် ဘောလုံးရာသီအကုန်တွင် အနားယူတော့မည်ဟု ၎င်း၏သားဖြစ်သူ ဒါရင်းဖာဂူဆန်က ပြောကြားခဲ့ကြောင်းသိရသည်။ ဖာဂူဆန်မှာ ၂၀၀၀-၂၀၀၁ ဘောလုံးရာသီကလည်း အနားယူမည်ဟု ပြောကြားခဲ့ဖူးသည်။ ယခုနှစ်တွင် ဖလားငါးလုံးအိပ်မက်မက်နေသည့် ဖာဂူဆန်မှာ လက်ရှိအချိန်တွင် ဖလားနှစ်လုံးရယူထားနိုင်ပြီး နောက်ထပ်ချန်ပီယံလိဂ်ဖလား၊ ပရီမီယာလိဂ်ဖလားနှင့် အက်ဖ်အေဖလားတို့ကိုရယူနိုင်ရန် လက်တစ်ကမ်းအလိုတွင် ရှိနေသည်။

အသက် ၆၇နှစ်ထဲသို့ ချဉ်းနင်းဝင်ရောက်လာပြီဖြစ်သည့် စကော့တလန်နိုင်ငံသား မန်ယူနည်းပြကြီး ဖာဂူဆန်မှာ မိမိမျှော်လင့်ထားသည့်ဖလားငါးလုံး ကိုအမှန်တကယ်ရရှိခဲ့ပါက ယခုနှစ်ဘောလုံးရာသီအကုန်တွင်ပင် အနားယူသွားဖွယ်ရာရှိနေသည်ဟု သတင်းများပေါ်ထွက်လျက်ရှိနေသည်။ ***အင်တာနက်။***

ပြင်ဦးလွင်မြို့ အထက(၁) အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၂၈

(၁၆) ကြိမ်မြောက် ပြင်ဦးလွင် အထက (၁) အာစရိယပူဇော်ပွဲကို ဧပြီ ၂၆ ရက်တွင် အထက (၁) ဧရာဝတီခန်းမ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဦးအုန်းချို ဖုန်း-၀၈၅-၂၂၃၉၀၊ ဒေါ်ခင်လေးမာ ဖုန်း-၀၈၅-၂၁၄၂၄၊ ဦးမျိုးတင့် ဖုန်း-၀၈၅-၂၁၉၇၀၊ ဦးသိန်းဝင်း ဖုန်း-၀၈၅-၂၃၁၃၆၊ ဦးအောင်ကျော်မိုး ဖုန်း-၀၈၅-၂၁၆၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၂၈

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၆ ရက်တွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ပို့ဆောင်ရေး ညှိနှိုင်းမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မောင်မောင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် ယာဉ်လိုင်းတာဝန်ခံများ၏ တင်ပြချက်အပေါ် မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးမောင်ချစ်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး မွန်ပြည်နယ်ပို့ဆောင်ရေး ညှိနှိုင်းမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ရဲတပ်ဖွဲ့မှူးက ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၉ခုနှစ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၈

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးထွန်းလွင်က ၂၀၀၉ခုနှစ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို မတ်၃၁ရက် (အင်္ဂါနေ့) နံနက်၁၀နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘောလုံးလောက သတင်းတိုများ

- *ဘာစီလိုနာတိုက်စစ်မှူး မက်ဆီက လက်ရှိအချိန်တွင် မိမိတို့အသင်းမှာ ခြေစွမ်းပြကစားနိုင်မှုများကြောင့် ယခုနှစ်ရာသီအကုန်တွင် ဆုဖလားများ ရရှိနိုင်သော်လည်း အနီးကပ်ဆုံးပြိုင်ဘက်များဖြစ်သည့် လာလီဂါတွင် ရီးယဲလ်မက်ဒရစ်နှင့် ချန်ပီယံလိဂ်တွင် ဘိုင်ယန်မြူးနစ်တို့ကို သတိထားကစားရန် အသင်းဖော်များအား တိုက်တွန်းလိုက်သည်။*
- *ဝီဂန်အသင်းသည် ယခုနှစ် ဩဂုတ် ၁ ရက်မှစတင်၍ မိမိတို့၏ အိမ်ကွင်း JJB ဟူသော အမည်ကို DW Stadium ဟု ပြောင်းလဲတော့မည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ဒေးဝီလန်က အတည်ပြုပြောကြားလိုက်ကြောင်း သိရသည်။*
- *လီဗာပူးအသင်း၏ ကွင်းလယ်ကစားသမားများဖြစ်ကြသည့် အလွန်ဆိုနှင့် ရီအဲရာတို့က မန်ယူအသင်းအား ဆက်လက်ဖိအားပေးသွားမည်ဖြစ်ပြီး မန်ယူအသင်းခြေချော်မှုကို အခွင့်အရေးယူရန် မိမိတို့အသင်းအနေဖြင့် အဆင့်သင့်ဖြစ်နေပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။*

ဝင်းတင်(ကြေးမုံ)

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ပေါင်းလောင်းရေလှောင်ဆည် ကမ္ဗည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

နေပြည်တော်ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအနီး ပေါင်းလောင်းရေလှောင်ဆည်ဖွင့်ပွဲ ကျင်းပ

လက်ဝဲ၊ လက်ယာ တူးမြောင်းစနစ်များပြီးစီးပါက လယ်မြေဧက ၃၅၀၀၀ ခန့် စိုက်ပျိုးရေ ပေးဝေနိုင်မည်

နေပြည်တော် မတ် ၂၈

၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)က တည်ဆောက်ပြီးစီးသွားသော ပေါင်းလောင်းရေလှောင်ဆည် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအနီးရှိ ပေါင်းလောင်းရေလှောင်ဆည် မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား နေပြည်တော်ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာအုပ်စု သစ်ဆိမ့်ပင်ကျေးရွာမှ ဦးမြင့်ကျော်က ပေါင်းလောင်းရေလှောင်ဆည် တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပေါင်းလောင်းရေလှောင်ဆည် ကမ္ဗည်းကျောက်စာတိုင်ရှေ့၌ နေရာယူကြပြီး တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ရေလှောင်ဆည် ကမ္ဗည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကမ္ဗည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ပေါင်းလောင်းရေလှောင်ဆည်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မင်္ဂလာမုခ်ဦးရှေ့၌ ဒေသခံများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ *

ပေါင်းလောင်းရေလှောင်ဆည်နှင့် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းအားဖြင့် ဒေသတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာ၍ တောင်သူတစ်ဦးချင်း ဝင်ငွေတိုးလာသည်နှင့်အမျှ လူနေမှုအဆင့်အတန်းတိုးမြင့်လာမည် . . .

ပေါင်းလောင်းရေလှောင်ဆည်ကိုတွေ့ရစဉ်။

(သတင်းစဉ်)

(29-3)20.pmd 1 3/29/2009, 2:44 AM